# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၆၁)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ၂၂-၈-၂၀၂၄၊ ကြာသပတေးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေး နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Ms. Ma Jia သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးအနေဖြင့် ရှည်လျားသည့်သမိုင်းကြောင်းများရှိမှုနှင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေပေါင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အေးအတူပူအမျှအသိုက်အဝန်းကို

စာမျက်နှာ ၃ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၁

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/စလ**

## ယနေ့ ဖတ်စရာအညွှန်း


မျိုးစေ့မှ အပင် အပင်မှ မျိုးစေ့(ဆောင်းပါး)

စာမျက်နှာ ၆

အူမကြီးကင်ဆာဖြစ်ပွားနှုန်းမြင့်တက်လာမှုနှင့် အနီရောင်အသားစားသုံးခြင်း ဆက်စပ်လျက်ရှိ

စာမျက်နှာ ၇

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၂ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေး နေ့စဉ်

# ကျန်းမာခြင်းသည် လူ့ဘဝ၏ လိုအင်ဆန္ဒမှန်သမျှကို ပြီးပြည့်စုံနိုင်မည်

မြန်မာ့မူနယ်ပယ်တွင် မိဘ၊ ဆရာသမားနှင့် လူကြီးသူမ၊ အဘိုးအဘွားတို့အား ရှိသေစွာဂါရဝတရားဖြင့် လက်အုပ်ချီမိုးကန်တော့ကြသည့်အခါတိုင်း "ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘုန်းကြီး၍ အသက်ရှည်ပါစေ"ဟု ဆုမွန်ကောင်းတောင်းပေးလေ့ရှိကြသည်။ "ကျန်းမာပါစေ" ဟူသောဆုလာဘ်သည် လူ့ဘဝ၌ အရေးပါလှသည်။ ကျန်းမာမှ ချမ်းသာနိုင်မည်။ ကျန်းမာမှ ဘုန်းတန်ခိုးကြီးမားအောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။ လူဟူ၍ ဖြစ်လာလျှင် ရယူခံစားလိုသော ဆုလာဘ်ရတနာများကို ရယူပိုင်ဆိုင်နိုင်ရန်မှာ ကျန်းမာခြင်း၌ အခြေခံနေသည်။ ကျန်းမာရေးမကောင်း၍ အိပ်ရာထဲတွင် လဲလျောင်းနေရသူများအတွက် ပစ္စည်းဥစ္စာပေါများ ချမ်းသာခြင်းသည် အချည်းအနှီးသာဖြစ်ပါသည်။ ခြွေရံသင်းပင်း ဝန်းရံခြင်းကလည်း အချည်းအနှီးသာဖြစ်သည်။

ကျန်းမာရေးကောင်းနေလျှင် လူတစ်ယောက်၏ဘဝတွင် အရာခပ်သိမ်းပြီးပြည့်စုံနိုင်ပါသည်။ ကျန်းမာသန်စွမ်းနေသူများအတွက် စိတ်သွားတိုင်းကိုယ်ပါကာ လိုရာဆန္ဒပြည့်ဝနိုင်မည်ဖြစ်သည်။ ပညာ၊ ဥစ္စာပေါများလာအောင်ကြိုးပမ်းနိုင်သည်။ တိုင်းပြည်နှင့်လူမျိုးကို ချစ်သည့်အလျောက် တိုင်းပြည်နှင့်လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်မည်ဖြစ်သည်။ ကျန်းမာခြင်းသည် လူ့ဘဝ၏ လိုအင်ဆန္ဒမှန်သမျှကို ပြီးပြည့်စုံအောင် ဆောင်ကြဉ်းပေးနိုင်ပါသည်။ ဘဝ၏ပျော်ရွှင်မှုသုခအဝဝကို ပေးနိုင်သော ကျန်းမာခြင်းဆုလာဘ်ကို ပိုင်ဆိုင်နိုင်ရန် ကိုယ်တိုင်ကြိုးစားနေထိုင်ရပါမည်။ "တစ်ကိုယ်ရေသန့်ရှင်း ရောဂါကင်း" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာကြရမည်ဖြစ်သည်။

ထို့ပြင်ကျန်းမာရေးအတွက် အရေးပါသောအချက်မှာ ကိုယ်လက်လှုပ်ရှားအားကစားကို လိုက်စားရန်လိုမည်။ ငယ်ရွယ်စဉ်ကတည်းက အားကစားကိုလိုက်စားခဲ့လျှင် ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းမှုကိုရရှိနိုင်မည်။ အားကစားလိုက်စားခြင်းဖြင့် စိတ်အားထက်သန်မှု၊ ပျော်ရွှင်မှု၊ ကြံ့ခိုင်မှုစသည့် အကျိုးကျေးဇူးများရရှိမည်။ အသက်အရွယ်အလိုက် ဆီလျော်သည့် အားကစားတစ်မျိုးမျိုးကို လိုက်စားဆောင်ရွက်သင့်သည်။

ရောဂါဖြစ်မှကုသခြင်းထက် ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ရမည်ဖြစ်သည်။ လူ့ဘဝ၏ ချမ်းသာခပ်သိမ်းကို ကျန်းမာခြင်းကသာ ပေးစွမ်းနိုင်ပါသည်။ လောက၏ အလှတရားများကို ကျန်းမာခြင်းမှသာ ရှုမြင်နိုင်ပါသည်။ လောက၏ ချိုမြိန်ရသမှန်သမျှကို ကျန်းမာမှသာ ခံစားနိုင်ပါသည်။

သို့ဖြစ်ရာ လောက၌ ပျော်ရွှင်မှုမှန်သမျှ၏ အခြေခံဖြစ်သော ကျန်းမာခြင်းဆုလာဘ်ကိုရရှိစေရန် မိမိတစ်ကိုယ်ရေကျန်းမာသန့်ရှင်းခြင်းမှတစ်ဆင့် မိမိပတ်ဝန်းကျင်ကျန်းမာသန့်ရှင်းခြင်းကို ဖော်ဆောင်နေထိုင်ခြင်းဖြင့် လူ့ဘဝ၏ လိုအင်ဆန္ဒမှန်သမျှကို ပြီးပြည့်စုံနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီပြီးစီးရေး တာဝန်ရှိသူများနှင့် တွေ့ဆုံ



**မိတ္ထီလာ ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မိတ္ထီလာခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ထမ်းများ ဦးစီးဌာန၏ စီမံကိန်းလက်စွဲစာစောင်များအား ဖတ်ရှုလေ့လာပြီး စီမံကိန်းလုပ်ငန်းများအား လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန်၊ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများ စံချိန်စံညွှန်းနှင့် အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ စံပြခရိုင်ဖြစ်ရေး ဝန်ထမ်းများက ယခင်ထက် ပိုမိုကြိုးစားဆောင်ရွက်သွားကြရန်နှင့် ဌာနလုပ်ငန်းများအပြင် ထပ်တိုးစီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။ ၎င်းနောက်ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းက ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များမှ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမောင်ဝင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်း၊ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များမှ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၆၉)

## စက်သုံးဆီအရောင်းဆိုင်များ သတ်မှတ်ဈေးနှုန်းထက် ကျော်လွန်ရောင်းချခြင်း မရှိရေး ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများရှိပါလျက် ဈေးနှုန်းကစားရန် ရည်ရွယ်ချက်ဖြင့် ဆီအရောင်းဆိုင်များ ပိတ်ထားခြင်း၊ သတ်မှတ်ဈေးနှုန်းထက်ကျော်လွန်၍ ရောင်းချခြင်းများမရှိစေရေး ယနေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် ဆီအရောင်းဆိုင်များအနေဖြင့် ဈေးနှုန်းကစားရန် ရည်ရွယ်ချက်ဖြင့် စက်သုံးဆီအရောင်းဆိုင်များပိတ်ထားခြင်း၊ သတ်မှတ်ဈေးနှုန်းထက် ကျော်လွန်ခြင်း၊ အမှန်သုံးစွဲမှုမရှိဘဲ တစ်ဆင့် ပြန်လည်ရောင်းချရန်အတွက် ဝယ်ယူခြင်းများမရှိစေရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းနှင့် ကျောက်ဆည်မြို့နယ်တွင် ဇော်၊ ကျော်၊ ကောသီဦး(၁)၊ ရွှေကမ္ဘာ၊ မြတ်မြင့်မိုရ်၊ မြဝတီ၊ ရူဝံ၊ ကိုညီ၊ ဇော်နဒီ၊ လှဆန်းယဉ်၊ DENKO၊ MAX၊ စိမ်းလဲ့မွန်၊ START OIL၊ ပတ္တမြား၊ နီလာရိုးမ၊ ဝင်းထက်ဝင်းစက်သုံးဆီအရောင်းဆိုင်များရှိကြောင်း သိရသည်။

(အောက်ပုံ) (၄၈၅)



## မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိတ်ခုနစ်သိန်း စိုက်ထည့်




**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်တွင်း ငါးမျိုးစိတ်စိုက်ထည့်ပွဲ အခမ်းအနားကို မန္တလေး၊ အောင်မြေသာစံခရိုင်၊ပုသိမ်ကြီးမြို့နယ်၊ မြို့ပတ်လမ်း၊ ကျွဲစွန်းဆိပ်ကမ်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ငါးမျိုးစိတ်စိုက်ထည့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသံချောင်း၊ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေ၊ ငါးလုပ်ငန်းသရက်ကုန်းစခန်းတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်း၊ ငါးလုပ်ငန်းနတ်ရေကန်စခန်း တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း ငါးသိန်း၊ ငါးခုံးမတစ်သိန်း၊ ရွှေဝါငါးကြင်းတစ်သိန်းစုစုပေါင်း ငါးမျိုးစိတ်ခုနစ်သိန်းအား စုပေါင်းစိုက်ထည့်ပေးကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။

◌ ရှေ့ဖုံးမှ

အတူတကွတည်ဆောက်ထားသည့် နိုင်ငံများဖြစ်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေး နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများအောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကာကွယ်ရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ရပ်တည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အပေါ် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံ ရပ်တည်ပေးသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia ဦးဆောင်သောအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (CPU) အဖွဲ့၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များညှိနှိုင်း

နေပြည်တော် ဩဂုတ် ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(CPU)အဖွဲ့၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စီမံဆောင်ရွက်ပေးရန်လိုအပ်**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(CPU)အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အဂတိလိုက်စားမှု လျော့နည်းပပျောက်စေရန်အတွက် ဌာနအလိုက် ဝန်ထမ်းများ သက်သာချောင်ချိရေး၊ ရုံးပတ်ဝန်းကျင်နှင့် ရုံးခန်းများ သန့်ရှင်းသပ်ရပ်ပြီး ရုံးသုံးပစ္စည်းများ ပြည့်စုံကောင်းမွန်စေရေး၊ နိုင်ငံ့ဝန်ထမ်း စည်းကမ်းသတ်မှတ်ချက်များနှင့်ညီညွတ်သော ဝန်ထမ်းများကို ရာထူးနေရာ လစ်လပ်မှုအပေါ်မူတည်၍ ရသင့်ရထိုက်သည့် အချိန်အခါများတွင် စီမံဆောင်ရွက်ပေးခြင်းတို့ဖြင့် ဝန်ထမ်းများလုပ်ငန်းခွင်၌ ပျော်ရွှင်စွာ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

အဂတိလိုက်စားမှုနှင့် အခြားသောဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် ငြိစွန်းထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် အထက်အောက် ဆင့်ကဲဆင့်ကဲ အသိပညာများပေးခြင်း၊ ဝန်ထမ်းအချင်းချင်း အသိပေးထိန်းသိမ်းခြင်းဖြင့် မိမိတို့တစ်ဦးချင်းနှင့် ဌာန၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ဦးစီးဌာနများ၊ တက္ကသိုလ်များမှ အဂတိလိုက်စားမှု ဆန့်ကျင်ရေးအဖွဲ့ခေါင်းဆောင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (CPU)အဖွဲ့၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း ဆိုင်ရာများကို ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



# ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ မန္တလေးတိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ မန္တလေးတိုင်းဒေသကြီးအဆင့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင် ကျင်းပရာမန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဒေါက်တာဝင်းနိုင်၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် အာဟာရပြည့်ဝခြင်းသည် လူတစ်ဦးတစ်ယောက်၊ မိသားစုတစ်စုကစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်ကဏ္ဍတွင် ပါဝင်ပါကြောင်း၊ နေ့စဉ်စားသုံးနေသော အစားအစာများသန့်ရှင်းပြီး လိုအပ်သော အာဟာရဓာတ်များ ပြည့်ဝရန် လိုအပ်ပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ မွေးစကလေးများနှင့် အသက်ငါးနှစ်အောက်ကလေးများသည် အာဟာရချို့တဲ့မှုကို ထိခိုက်ခံစားလွယ်သောအုပ်စုဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွင်း အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာများ တိုးတက်စေရန်၊ ပိုမိုစိတ်ဝင်စားပြီး ပူးပေါင်း ပါဝင်ဆောင်ရွက်ရန် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် အနာဂတ်လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန် အခြေခံကျပြီး အရေးပါသည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အခြေခံကျန်းမာရေး စောင့်ရှောက်မှုများနှင့်အတူ ပိုမိုခိုင်မာလာအောင် အားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုဗီဒီယိုပြသခြင်းကိုကြည့်ရှု၍ အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများသည် အသက် ၅ နှစ်အောက် ကလေးများ အားအင်အားပြည့် ဗီတာမင်အေဆေးများ တိုက်ကျွေး၍ ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားများပေးအပ်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအထိမ်းအမှတ်ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် နို့ချိုတိုက်ကျွေးဖို့ အားလုံးကူညီ ယခုနှစ် ဆောင်ပုဒ်မှာ "မိခင် ပံ့ပိုးစို့" ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**
















# ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာရှိ လယ်မြေများအတွင်း ခွင့်ပြုချက်မရှိ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုထားသည့် နေအိမ်အဆောက်အအုံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာရှိ လယ်မြေများအတွင်း ခွင့်ပြုချက်မရှိ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုထားသည့် နေအိမ်အဆောက်အအုံများနှင့် ပတ်သက်၍လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နန်းဦးလွင်ကျေးရွာရှိ လယ်မြေများအတွင်း ခွင့်ပြုချက်မရှိ အခြားနည်းဖြင့်ကျူးလွန်အသုံးပြုထားသည့် နေအိမ်အဆောက်အအုံများနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ရန်၊ ယခင်အစည်းအဝေးမှ ဆွေးနွေးအကြံပြုချက်များ၊ သုံးသပ် ဆွေးနွေးချက်များ၊ မြေပြင်ကွင်းဆင်းတွေ့ရှိချက်များနှင့် ပေါင်းစပ်၍ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီပြီးစီးရေး၊ စနစ်တကျဖြစ်စေရေး သက်ဆိုင်ရာဌာနအချင်းချင်း ချိတ်ဆက်ကာ အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။





ယင်းနောက် ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာရှိ လယ်မြေများပေါ်တွင် ခွင့်ပြုချက်မရှိ ကျူးလွန်အသုံးပြုထားသည့် နေအိမ်များနှင့်ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်းတို့က ဆောင်ရွက်မည့် လုပ်ငန်း အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး ကော်မတီအဖွဲ့ဝင်ဖြစ်သည့် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀

သတင်း-စာမျက်နှာ ၄





## ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၉)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့မွန်းတည့် (၁၂)နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမဘေးတွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများ အတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၉)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် (၃၀၀) စည်း၊ ခရမ်းသီး (၂၀၀)ထုပ်၊ ဘူးသီး (၁၈)လုံး၊ ကြက်ဟင်းခါးသီး (၃၉)စည်း၊ ဒန့်ဒလွန်သီး (၇၅) စည်း၊ ငှက်ပျောသီး (၂၃)ဖီးတို့ကို ကော်မတီရုံးဝန်ထမ်းများ၊ ဘဏ္ဍာရေးဌာနဝန်ထမ်းများ၊ သန့်ရှင်းရေးဌာန၊ ရုံးပေါ်ဝန်ထမ်းများ၊ စစ်ဆေးရေးဌာနဝန်ထမ်းများနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဒေါ်အေးယုကျော်နှင့်တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာန တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(ဓဲပုံ)

**(မန္တလေးနေ့စဉ်-၃)**





MANDALAY

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မျိုးစေ့မှအပင် အပင်မှမျိုးစေ့

ဘုန်းဇော်မိုး-ဥဿာ(စာပေစေတမန်)

ဆရာမှားလျှင် သံသရာပါမှောက်သည်။ လူပေါင်းမှားခဲ့လို့ ကြီးမားသည့် အမှားပေါင်းများစွာကို ကျူးလွန်ပြီး သံသရာမှောက်ခဲ့ရသည့် လူသားတစ်ယောက်၊ ထို့ထက် ပြည့်စုံအောင်ပြောရလျှင် မာဂဓတိုင်း၏ မဟာရာဂျာ(မဟာဧကရာဇ် အဇာတသတ္တု)မည်သော အများသိသည့် အဇာတသတ်သည်။ မိတ်ဆွေကောင်းဖြစ်သော ဆေးသမားတော် ဇီဝက၏ တည့်မတ်လမ်းပြမှုဖြင့် ဆရာသမားကောင်းဖြစ်သော မြတ်ဗုဒ္ဓကို တန်ဆောင်မုန်းလပြည့် ညသန်းခေါင်အခါမှာ ဆရာဇီဝက၏ သရက်တောဥယျာဉ်မှာ "သာမညဖလသုတ်"ကို နာယူရပြီး အမှားကိုသိ၍ အမှန်ကို ဖြည့်နိုင်ခဲ့သည်။

ဆရာမှား လူပေါင်းမှားမိသည့်အကျိုးက မြတ်ဗုဒ္ဓထံ ဒေသနာစကားကြားရစဉ် အနိမ့်ဆုံး သောတပတ္တိဖိုလ်ကိုရောက်ထိုက်သော ပါရမီရှင်ဖြစ်လျက် ဥပသကာမျှ(မြတ်ဗုဒ္ဓကို အကြည်ညိုဆုံးဒါယကာ) အဆင့်သာဖြစ်တည်ပြီး အသက်ထက်ဆုံး မိမိပြုသော မကောင်းမှုအရိပ်ဆိုး၏ ခြောက်လှန့်ခြင်းဖြင့် သေလွန်သည့်အဆုံး၌ ငရဲသို့ ကျရောက်ရလေသည်။ ငရဲနှစ်, နှစ်ခြောက်သောင်းတို့ကာလပတ်လုံး အခွင့်မဲ့ ကြီးစွာသော ဆင်းရဲဒုက္ခကိုခံစားကာ မြင့်ကြာသောကာလတို့ အလဟဿဖြစ်ရချေပြီ။ ထိုငရဲမှလွန်သော် ပစ္စေကဗောဓိ(ဘုရားငယ်)ဖြစ်ကာ နိဗ္ဗာန်သို့ ကူးရမည်။

အကယ်၍သာ အဇာတသတ်သည် အသိဉာဏ်နှင့်ပြည့်စုံပါမူ၊ ဆရာသမားကောင်းနှင့်တွေ့ပါမူ ထိုသို့ မဖြစ်တန်ရာ။ မိမိကိုယ်၌က အသိဉာဏ်(ပညာ)နည်းပါးခြင်းကြောင့် အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန်ကို မသိတတ်။ သိတတ်သောအရွယ်သို့လည်း မရောက်သေး။ နုနယ်ပျိုလွင်သော လူငယ်ဘဝ။ အသိဉာဏ် မဖြန့်ကြက်နိုင်သေးသော လူငယ်ပင်ရှိပါစေဦးတော့ သူနှင့်နီးစပ်ရာပတ်ဝန်းကျင်က ကလျာဏမိတ္တမမည်သော မိုက်မဲသည့်ပတ်ဝန်းကျင်။ ထိုမိုက်မဲသော ပတ်ဝန်းကျင်သည် သူ့အား မကောင်းသောလမ်းကိုသာ ရွေးချယ်စေခဲ့သည်။

ရှေ့မှာပြောခဲ့သလို မိတ်ဆွေကောင်းဆိုတာ သိပ်အရေးကြီးသည်။ မိတ်ဆွေဆိုး၊ ပတ်ဝန်းကျင်ဆိုးက အဇာတသတ်ကို လူကောင်းတစ်ယောက် မဖြစ်စေခဲ့။ ထိုမိတ်ဆွေဆိုးတို့ စေ့ဆော်ရာ ဆရာဆိုး၏ ဩဇာလောင်းရိပ်၌ စည်ပင်ဖြစ်ထွန်းခဲ့သည်။ ထိုနေရာ၌ ဘုရားဒါယကာကြီး ဗိမ္ဗိသာရဘုရင်တွင်လည်း များစွာအပြစ်မကင်းတန်ရာ။ ပုဗ္ဗာစရိယဟူသည် မိဘတို့သာတည်း။ မင်းကြီးသည် သားတော်အား ချစ်သောအချစ်သည် စံတင်လောက်သည်ဟု သည်နေ့ထိတိုင် လူတိုင်းက စကားတဖွဖွ ဆိုစမှတ်ရှိကြသည်။ ဖခင်ကို သတ်မည့်သားဟု ပုဏ္ဏားကဝိတို့ ဟောကိန်းထုတ်ခဲ့သော်လည်း သတ်လိုလည်း သတ်ပါစေဟု နှလုံးမူနိုင်ခဲ့သူ။

အဇာတသတ်သည် ရာဇဂြိုဟ်ထီးရိပ်၌ မင်းကြီးနှင့်အတူကြီးပြင်းခဲ့လျက် မိမိကိုယ်တိုင် သောတာပန် ဘုရားဒါယကာကြီးဖြစ်လျက် မိမိဆည်းကပ်ကိုးကွယ်သော မြတ်ဗုဒ္ဓနှင့် အကျွမ်းတဝင်ဖြစ်ရန် မစည်းရုံး မသွန်သင်ခဲ့လေသလား။ ဒေဝဒတ္တမထေရ်သည် မင်းသားငယ်၏နန်းဆောင်သို့ ဝင်ထွက်ကာ သားဖြစ်သူ ဆည်းကပ်ခြင်းကို မသိလေသလား၊ မသိကျိုးကျွံပြုလေသလား စဉ်းစားရခက်ဖွယ်တကား။ မည်သို့ဆိုစေ သားသမီး၏ ရှေ့ရေးနောင်တာထက် သားသမီးကို ချစ်နေရုံသက်သက် လျစ်လျူရှုနေခြင်းသည် ထိုမိဘတို့ဟာ မိမိရင်သွေးတို့အား နှစ်ရာသာဖြစ်ပါလေသည်။

စည်းစိမ်မကျွာ လွန်ချမ်းသာကြသော မိဘတို့မှာ မိမိတို့ သားသမီးငယ်များအား ရွှေပေါ်မြတင် အလိုလိုက်ကြီးစွာထားကြသည်ကား ဗိမ္ဗိသာရကနေ သည်နေ့အထိ ၂၁ရာစု လက်သစ်ဗိမ္ဗိသာရများ ရှိနေသေးသလို ၂၁ရာစု လက်သစ်အဇာတသတ်များကလည်း ခေတ်မီမီဖြစ်တည်နေကြဆဲ မဟုတ်ပါလား။ လက်ဦးဆရာဖြစ်သည့် မိဘတို့သည် သားသမီးတို့၏ မှားယွင်းသော အကြံအတွေးအလုပ်ကို နုစောစဉ်ကပင် တားမြစ်ရမည့် ဝတ္တရားရှိပြီးဖြစ်သည်။ သား သမီးတို့အရှည်သဖြင့် ကောင်းဖို့ရန် စီမံနည်းပြ သွန်သင်ကြရမည်သာ။ လွန်ပါမှ သားမိုက်၊ သမီးမိုက်လို့ ရှိးမယ်ဖွဲ့အပြစ်ဆိုက မိမိပေါင် မိမိလှန်ထောင်းသလိုပါပဲ။

မိမိတို့၏ သားသမီးငယ်လေးများအား ကလေးအရွယ်ကစကာ လောကအကြောင်း၊ ဘဝအကြောင်း၊ ဘာသာတရားအကြောင်း သမိုင်းရာဇဝင်စသော သူတို့လေးတွေဉာဏ်ရည်ဖြင့် တွေးဆသိမြင်နိုင်သည့် ပုံပြင်သဘော ပြောပြသင့်သည်။ တွေးခိုင်းသင့်သည်။ အထူးအားဖြင့် စာဖတ်သော အလေ့အကျင့်ကို လုပ်ပေးသင့်သည်။ ဥစဖြာမင်္ဂလာတွေထဲက ဆောင်ရန်၊ ရှောင်ရန် ကျင့်ဝတ်များကို ယဉ်ပါးအောင်ပြောပြဖို့ လိုအပ်လှသည်။ ဥစဖြာမင်္ဂလာသည် မြတ်ဗုဒ္ဓဟောကြားခဲ့သည်မှာ ကမ္ဘာပေါ်က မည်သည့်လူမျိုးမဆို လိုက်နာကျင့်သုံးသင့်သော လောကီရေးရာများစွာ ပါဝင်နေသည်။

စိတ်မချမ်းမြေ့ဖွယ်ကောင်းသည်မှာ မိဘအများစုသည် မိမိတို့၏ သားသမီးငယ်များအား ပညာတတ်ကြီးတွေ၊ အရာရှိကြီးတွေဖြစ်စေချင်ကြသည်။ ထို့အတွက် ကျောင်းတက် ပညာသင်ကြားစေသည်။ သည်အထိ မှန်သေး၏။ သို့သော် ကလေးတွေကို ကျောင်းစာကလွဲလျှင် ပြင်ပစာပေဖတ်သည်ကို အလိုမရှိကြ။ ကျောင်းဆရာတစ်ယောက်ပြောသည်ကို ကြားဖူးပါသည်။ "မင်းတို့ အနည်းဆုံးတော့ ဘာသာစုံ အောင်မှတ်ရအောင်လုပ်ကြ"ဟူ၍ပါ။ စာမေးပွဲအောင်ဖို့သာ အဓိကလား။ ဘွဲ့ရမည်သာ ပဓာနလား။ ကလေးတွေ၏ဦးနှောက်ကို ကောင်းကောင်းကွန့်မြူးခွင့်မပေး။ ပုံစံခွက်ကလေးတစ်ခုအတွင်းမှာ စက်ရုပ်ကလေးအဖြစ် တည်ဆောက်ထုတ်လုပ်နေကြတာလို ဖြစ်နေသည်။

လက်ဦးဆရာဖြစ်သည့် မိဘတို့သည် သားသမီးတို့၏ မှားယွင်းသော အကြံအတွေးအလုပ်ကို နုစောစဉ်ကပင် တားမြစ်ရမည့် ဝတ္တရားရှိပြီးဖြစ်သည်။ သားသမီးတို့အရှည်သဖြင့် ကောင်းဖို့ရန် စီမံနည်းပြ သွန်သင်ကြရမည်သာ။ လွန်ပါမှ သားမိုက်၊ သမီးမိုက်လို့ ရှိးမယ်ဖွဲ့အပြစ်ဆိုက မိမိပေါင် မိမိလှန်ထောင်းသလိုပါပဲ။

စာမေးပွဲသည် မဖြစ်မနေအောင်ဖို့ လိုသည်။ ဘွဲ့တစ်ခုခုတော့ ရသင့်သည်။ သို့သော် အောင်ခဲ့သော စာမေးပွဲ၊ ရခဲ့သော ဘွဲ့နှင့်ညီမျှသောပညာတတ်ကြဖို့ အထူးလိုအပ်သည်။ စာရေးသူတစ်ဦးတည်းအမြင်ဖြင့်ဆိုရလျှင် ဘွဲ့ရတိုင်း ပညာတတ်သည်မဟုတ်။ စာမေးပွဲ ဘယ်လိုအောင်ပါစေ၊ တော်သူ လုံးဝဖြစ်သည်ဟု လက်မခံပါ။ အများစုက ပညာခေတ်၊ ပညာရေး စသည် ပြောကြသော်လည်း ပညာ၏သဘောကို သိသူအတော်နည်းမည်ဟုထင်သည်။ အောင်လက်မှတ်သည် ပညာမဟုတ်ပါ။ ပညာသည်လည်း အောင်လက်မှတ်မဟုတ်ပါ။ စာရေးသူ၏ မီသလောက်အသိဉာဏ်ဖြင့် ပြောရပါမူ ပညာဟူသည် သင်ပေးတိုင်းတတ်သောအရာမဟုတ်။ မိမိဉာဏ်ဖြင့် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ပိုင်းခြားစိပ်ဖြာ သိရှိခြင်းသာ ပညာဖြစ်သည်။

တတ်သည်နှင့်သိသည်က မတူပါ။ တတ်ခြင်းက သိပ္ပ၊ သိခြင်းက ဝိဇ္ဇာ(ပညာ)ပင် ဖြစ်သည်။ တတ်ခြင်းသဘောသည် ပညာမမည်။ ယေဘုယျအားဖြင့် ပညာဟုတော့ ဆိုနိုင်သည်။ တတ်ရုံအဆင့်ဖြင့်မပြီး သိခြင်းဖြစ်ဖို့ အထူးလိုအပ်ပါသည်။ ဥပမာအားဖြင့် ရောဂါတစ်ခုကို ပျောက်ကင်းစေသော ဆေးတစ်မျိုးကို ဖော်စပ်ထုတ်လုပ်တတ်သည်ဆိုပါစို့။ ဆေးဖြစ်ဖို့ကို တတ်မြောက်သည်။ ထိုဆေးသည် ဘာရောဂါ၊ ဘယ်အရွယ်၊ ဘယ်ပမာဏ၊ ပြီးတော့ ဘေးထွက်ဆိုးကျိုးကဘာ စသော အခြင်းအရာများကို သိသောဉာဏ်(ပညာ)လိုအပ်သည်။

ထားတော့။ စာရေးသူဆိုလိုရင်းကို ပြန်ဦးတည်ပါမည်။ ယနေ့လူကြီးများသည်ယခင်က လူငယ်တွေဖြစ်ခဲ့ကြသည်။ ယနေ့လူငယ်များသည်လည်း နောင်မှာလူကြီးတွေဖြစ်လာကြမည်။ ယနေ့အသက် လေးဆယ်၊ ငါးဆယ်၊ ခြောက်ဆယ်အရွယ် လူကြီးတိုင်း လူတော်တွေမဟုတ်ကြ။ ထို့ထက် လူဆိုးများလည်း ပါနေကြသည်။ သည်နေ့ လူကြီးအရွယ်တိုင်း လူတော်များက လူနည်းစုပဲဖြစ်လိမ့်မည်။ ထို့အတူပဲ ယနေ့လူငယ်ကလေးများကို နောင်အနာဂတ်မှာ လူတော်လူကြီးတွေ ဖြစ်စေချင်တာလား။ လူညံ့လူကြီးတွေ ဖြစ်စေချင်တာလား။ အားလုံးက တစ်ခုတည်းပဲဖြေကြမှာပါ။ လူတော်လူကြီးများ ဖြစ်စေချင်သည်လို့။

လူသားလောက၏ အနာဂတ်ကို မျိုးဆက်သစ်လူငယ်များက ပခုံးပြောင်း လက်ဆင့်ကမ်းယူကြမည်။ မိမိတို့ လူသားလောက၏ အနာဂတ်ကို ဖန်တီးကြမည့် သည်နေ့လူငယ်ကလေးများသည် လူတော်လူကြီးလောင်းလျာများဖြစ်ဖို့ လိုသည်။ စာရေးသူခေါင်းစဉ်ကို "မျိုးစေ့မှအပင် အပင်မှမျိုးစေ့"ဟု ဆိုထားရာ သည်ခေါင်းစဉ်ဟာ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာသဘောပင်ဖြစ်သည်။ မချစ်စုသရက်ပင်ကြီးသည် ပိုးလည်းမကျ၊ ပင်စည်လည်းလှ၊ ခက်၊ လက်၊ ရွက်၊ ပွင့်တို့ စိမ်းစိုညို့ရီ စည်ပင်နေပါလျှင် ဤသရက်ပင်ကြီးက အလုံးကြီး အလုံးသန့် မွှေးပျံ့ချိုမြိန်သော မချစ်စုသရက်သီးများသီးကြပေလိမ့်မည်။ ထိုအောင်မြင်ဖွံ့ဖြိုးသော သရက်သီးအတွင်း၌ သန်မာ၍ ဗီဇသန့်သော အညွန့်၊ အမြစ် အောင်မြင်သော မြတေမျိုးစေ့ကောင်း ရရှိပေမည်။ ထိုမျိုးစေ့သည် သန်မာဖွံ့ထွားသော ပျိုးပင်၊ စည်ပင်ကောင်းမွန်သော မချစ်စုသရက်ပင်ကြီး ဖြစ်လာရပေမည်။

အကယ်၍သာ မျိုးစေ့ကမကောင်းလျှင် အပင်သည်လည်းကောင်း၊ အသီးသည်လည်းကောင်း ကောင်းမွန်ရန် အကြောင်းမဟုတ်တော့ပေ။ အပင်တိုင်း မျိုးစေ့ချ၍ မျိုးစေ့တိုင်း အပင်ဖြစ်ကြရသည့် နိယာမဓမ္မတာအတိုင်း လူသားလောကသည်လည်း ထိုသဘောအတိုင်းပင်ဖြစ်လေသည်။ မျိုးစေ့နှင့်တူသော အဇာတသတ်သည် ကြီးမားသောအမှားများစွာဖြင့် စည်ပင်ရသော ဘဝသစ်ပင်ကို သူ၏သမိုင်းမလှစွာ ကြောင်းကျိုးဆက်ဖြစ်ရလေသည်။ အကယ်၍သာ အဇာတသတ်သည် မြတ်ဗုဒ္ဓကဲ့သို့သောဆရာကို ဆည်းကပ်ရပါမူ(ပေါင်းဖော်မှီဝဲရပါမူ) သာသနာပြုဓမ္မရာဇ်မဟာဧကရာဇ်ဖြစ်လျက်သူတည်းဟူသောအကြောင်းကြောင့် လောကသားတို့ ကြီးပွားရာသည်။ သူသည်လည်း အလွန်ဆုံး ခုနစ်ဘဝမျှသာ လောကီဘုံစဉ် စံချမ်းသာဖြင့် နိဗ္ဗာန်သို့ ကူးမြောက်ရမည်။

သည်နေ့လူငယ်တွေဟာ လူသားလောကကြီး၏ အနာဂတ်ပိုင်ရှင်များဖြစ်သည်။ အနာဂတ်၏ ပွဲကိုင်ရှင်များသည် နုစဉ်ကာလလူငယ်ဘဝမှာ ဗီဇကောင်းဖို့ဖြစ်ရာ အထူးလိုအပ်လှသည်။ ရှေ့မှာဆိုခဲ့သလို လူငယ်တွေ စာမေးပွဲအောင်ရုံ၊ ဘွဲ့ရရုံဖြင့် အကြောင်းနှင့်အကျိုးကို ကိုယ်ပိုင်ဉာဏ်ဖြင့်သိသော ပညာတတ်ကလေးများ ဖြစ်စေချင်လှပါသည်။ တကယ် ကြောင်းကျိုးမြင်သိ ပညာရှိသော အနာဂတ်မျိုးဆက်သစ်လူငယ်လေးတွေဖြစ်ဖို့ တူလေး၊ တူမလေးတွေ ဂိမ်းကစားတာ လျှော့ကြပါ။ စာများများ ဖတ်ကြပါ။ သုတကို ရှာမှီးဆည်းပူးကြပါ။ မြတ်ဗုဒ္ဓ၏ အဆုံးအမ လမ်းညွှန်ဥစဖြာမင်္ဂလာတရားတော်ကို သေချာလေ့လာကျင့်သုံးကြပါလို့ တိုက်တွန်းချင်ပါသည်။

ပုဗ္ဗာစရိယဖြစ်ကြသည့် မိဘများကလည်း အနာဂတ်၏ရင်သွေးရတနာဖြစ်ဖို့ ပတ်ဝန်းကျင် ကလျာဏမိတ္တကို ပြသကြပါ။ မိမိတို့ကိုယ်တိုင် ကလျာဏမိတ္တအဖြစ် သားသားမီးမီးတို့အတွက် ဖြစ်တည်ပေးကြပါ။ မျိုးစေ့ကောင်းမှ အပင်ကောင်းပါမည်။ အပင်ကောင်းမှ အသီးကောင်းမည်။ အသီးကောင်းပါမှ မျိုးစေ့ကောင်းရပါမည်။ လူငယ်တို့အတွက် များစွာရေးစရာ ကျန်ပါသော်လည်း စာလေးတော့မည်မို့ ဤတွင်မျှ အနားသတ်အပ်ပါသည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Vijay Sethupathi က Maharaja ရုပ်ရှင်ကို အနုပညာကြေး မယူဘဲရိုက်ခဲ့




၂၀၂၄ခုနှစ်တွင် ရုံတင်ပြသပြီး အောင်မြင်မှုများစွာနှင့်အတူ ဘောလိဝုဒ် အနုပညာလောကမှပင် ပြန်လည်ရိုက်ကူးရန် ကမ်းလှမ်းခံထားရသည့် Maharaja ရုပ်ရှင်ကို ဗီဂျေးစည်သူပတ်တီးက အနုပညာကြေးမယူဘဲ ရိုက်ကူးပေးခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကား ရိုက်ကူးရေးဘတ်ဂျက်ကို အိန္ဒိယရူပီး ၂၀ကုဋေနှင့် ရိုက်ကူးခဲ့၍ ဗီဂျေးစည်သူက အနုပညာကြေးမယူဘဲ ရိုက်ကူးပေးခဲ့သည်ဟု ရင်းမြစ်တချို့အရ သိရသည်။

ဒါရိုက်တာ နီသီလန်းဆွာမီနာသန်က ရိုက်ကူးထားသော ယင်းရုပ်ရှင်မှာ အမှိုက်ပုံးပျောက်သွား၍ တိုင်ချက်ဖွင့်ရာမှ ဖြစ်ပေါ်လာသော ဆံသဆရာတစ်ဦး အတွေ့အကြုံအကြောင်းဖြစ်ပြီး ဗီဂျေးစည်သူပတ်တီးအန်ဂရာကာရှာယေး၊ မာနတ်မိုဟန်ဒါ စသည့် သရုပ်ဆောင်များစွာပါဝင် အားဖြည့်ထားပြီး ရုံတင်ဝင်ငွေအရ အိန္ဒိယရူပီးကုဋေတစ်ရာကျော်နှင့်ပရိတ်သတ်များနှင့် မီဒီယာကြား ရလဒ်ကောင်းရရှိထားသည်။

**SKY**

## Kim Jiwon က Queen of Tears တွင် အနုပညာတန်ဖိုးကို ပြသထား

ပရိသတ်အချစ်တော် ဖြစ်ခဲ့သည့် Queen of Tears မင်းသမီးကင်ဂျီဝမ်သည် သူ၏အနုပညာတန်ဖိုးကို ပြသခဲ့ရာ ထုတ်ဝေသူများ မျက်စိကျခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ဂျီဝမ်သည် အလယ်တန်းကျောင်းသူဘဝနှင့် အနုပညာပြိုင်ပွဲများဝင်ရောက်ကာ အဆိုတော်ဖြစ်ရန် လေ့ကျင့်ရင်း ကြော်ငြာရိုက်ကူးခွင့်ရခဲ့ပြီး၂၀၁၁ ခုနှစ်တွင် High Kick ဇာတ်လမ်းတွဲနှင့် သရုပ်ဆောင်ဖြစ်ခဲ့သည်။

၂၀၁၃ခုနှစ်တွင် The Heir's, ၂၀၁၆ခုနှစ်တွင် ကမ္ဘာကျော်ဇာတ်လမ်းတွဲ Descendants of the Sun တို့တွင် ပါဝင်ခဲ့ပြီး Figh For My Way, My Liberation Notes, Arthdal Chronides တို့တွင် ခေါင်းဆောင်နေရာရခဲ့သည်။

ကင်ဂျီဝမ်သည် Queen of Tears နှင့် သူ၏အနုပညာ တန်ဖိုးကိုပြသခဲ့ရာ ဇာတ်ညွှန်းရေးဆရာများ၊ ဒါရိုက်တာများ၊ ထုတ်လုပ်သူများ သဘောကျခဲ့ကြပြီး ကမ်းလှမ်းခံရမှုများစွာ ရရှိထားသည်။

**SKY**







## Ben Affleck က လော့စ်အိန်ဂျလိစ်ရှိ စံအိမ်ကို ဝယ်ယူထား

အော်စကာဆုရှင် ဘင်အက်ဖလက်က ဂျနီဖာလိုပက်စ်နှင့်လမ်းခွဲသတင်းထွက်ပေါ်နေချိန် လော့စ်အိန်ဂျလိစ်ရှိ စံအိမ်တစ်လုံးကို ဒေါ်လာသန်းနှစ်ဆယ်နှင့် ဝယ်ယူခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အီအမ်ဇာတ်သတင်းဌာန၏ ဖော်ပြချက်အရ ဘင်အက်ဖလက်သည် Pacific Palisades အရပ်ရှိ စံအိမ်ကို အိမ်ခြံမြေကုမ္ပဏီမှတစ်ဆင့် ဝယ်ယူခဲ့ရာ သဘာဝရှုခင်းလှပ၍ နေအလင်းကောင်းစွာရကာ တစ်ဧက၏ သုံးပုံနှစ်ပုံရှိသည်ဟု အရောင်းဈေးကွက်တွင် မှတ်တမ်းရေးသားထားသည်။

ဘင်အက်ဖလက်သည် အိမ်ထောင်ရေး အဆင်မပြေဖြစ်နေချိန် အိမ်ခြံမြေလုပ်ငန်းဖက် စိတ်ဝင်စားနေကာ စီးပွားရေးအမြင်ကျယ်၍ အိမ်များဝယ်ယူစုဆောင်းမှုများပြုလုပ်နေသဖြင့် ပရိသတ်များက ဘင်အက်ဖလက်၏ လုပ်ရပ်ကို အားပေးထားကြသည်။

**SKY**



## အူမကြီးကင်ဆာဖြစ်ပွားနှုန်း မြင့်တက်လာမှုနှင့် အနီရောင်အသားစားသုံးခြင်း ဆက်စပ်လျက်ရှိ

အနီရောင်အသားအုပ်စုတွင်ပါဝင်သော အမဲသား၊ ဝက်သား၊ ဆိတ်သား၊ သိုးသားစားသုံးခြင်းနှင့် အူမကြီးကင်ဆာဖြစ်ပွားနှုန်း မြင့်တက်လာမှုတို့အကြား ဆက်နွယ်နေပုံကို အမေရိကန်ဆေးသိပ္ပံပညာရှင်များ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

အသက်၆၀အောက် အမေရိကန်နိုင်ငံသားများ၏ အသားငါးစားသုံးမှုနှင့် ကင်ဆာရောဂါဖြစ်ပွားမှုဆက်နွယ်ပုံအကြောင်း ကလိဖ်လန်းဆေးရုံမှ ဆူနီးလ်ကမတ်သ် ဦးဆောင်သော သုတေသီများ စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာစဉ် အသက်၆၀အောက်နှင့် အသက်၆၀အထက် အမျိုးသား၊ အမျိုးသမီးများ ကင်ဆာရောဂါခံစားရပုံကို နှိုင်းယှဉ်ကြည့်ခဲ့ကြသည်။


ဤသို့ဖြင့် အနီရောင်အသားစားသုံးလျှင် အသက်၆၀အောက် လူလတ်ပိုင်းများ အူမကြီးကင်ဆာအဖြစ်များကြောင်း တွေ့ရှိခဲ့ရကြောင်း ဆူနီးလ်ကမတ်သ်က ရှင်းပြသည်။

**SCI**

## Chou Tzuyu ၏ ပထမဆုံး မီနီအယ်လ်ဘမ် About Tzu ထွက်ရှိပြီး ရောင်းကုန်ခဲ့

ထိုင်ဝမ်လူမျိုး ကေပေါ့ပ် တွိုက်စ်အဖွဲ့ဝင် ချောင်တီဇူယူ၏ ပထမဆုံး မီနီအယ်လ်ဘမ် About Tzu မှာ ပရီအော်ဒါ စတင်ဖွင့်ပြီး ၁၂နာရီအတွင်း တစ်ကိုယ်တော်အယ်လ်ဘမ် ရောင်းကုန်သွားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချောင်တီဇူယူ၏ တစ်ကိုယ်တော်ဂီတထွက်ရှိလာမှုအပေါ် ကမ္ဘာတစ်ဝန်း ပရိသတ်များ အားပေးထားကြရာ တရုတ်ပရိသတ်များ အများအပြား ပါဝင်ထားသည်။



ချောင်တီဇူယူ၏ ပထမဆုံး မီနီအယ်လ်ဘမ်ထုတ်ပြီး စက်တင်ဘာ ၆ရက်တွင် တစ်ကိုယ်တော်ဂီတပွဲကျင်းပမည်ဖြစ်၍ တွိုက်စ်အဖွဲ့ဝင်အဖြစ်မှ တစ်ကိုယ်တော်ဂီတနှင့် အနုပညာခရီးလမ်းတွင် တောက်ပစွာ မြင်တွေ့ကြရမည်ဖြစ်ပြီး ဓာတ်ပုံလေးပုံနှင့် ဂီတအယ်လ်ဘမ်မှာ ဩဂုတ်လဆန်းတွင် ထွက်ရှိလာသည်။

**SKY**

## Seo In Guk နှင့် Ahn Jae Hyun တို့ ဆယ်နှစ်တာပြန်လည်တွေ့ဆုံသည့် Cosmopolition Korea ပုံရိပ်ထွက်

အနုပညာရှင်ဆိုအင်ဂွတ်နှင့် အန်ဂျေဟွမ်တို့ ဆယ်နှစ်တာအတွင်း ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံခဲ့သည့် မဂ္ဂဇင်း Cosmopolition Korea အတွက် ပုံရိပ်များ ထွက်ရှိလာသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆိုအင်ဂွတ်နှင့် အန်ဂျေဟွမ်တို့ Kwill သီချင်းဗီဒီယို No Sad Songs For My Broken Heart တွင် ပြန်လည်ပါဝင်သရုပ်ဆောင်ထားပြီး ပရိသတ်အာရုံစိုက်မှု ရရှိထားသည်။

သူတို့နှစ်ဦး ၂၀၁၂ခုနှစ်တွင် ဗီဒီယို Please Don't တွင် ပါဝင်ထားပြီး ဆယ်နှစ်ကျော်အတွင်း ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံခဲ့ခြင်းဖြစ်ကာ သူတို့နှစ်ဦးကို ပရိသတ် အထူးစိတ်ဝင်စားခဲ့ရာမှ နောက်ဆုံးရိုက်ကူးထားသည့် Cosmopolition Korea ၏ပုံရိပ်များ ဝေဆာစွာ ထွက်ရှိလာခြင်းဖြစ်သည်။

**SKY**



# ကမ္ဘာ့အသက်အကြီးဆုံးလူသား မာရီယာဘရန်ယတ်စ် ၁၁၇ နှစ်အရွယ်တွင် သက်ကြီးပြုစုရေးစခန်း၌ ကွယ်လွန်



**မက်ဒရစ် ဩဂုတ် ၂၁**

ကမ္ဘာ့အသက်အကြီးဆုံး လူသား မာရီယာဘရန်ယတ်စ် ၁၁၇ နှစ်အရွယ်တွင် သက်ကြီး ပြုစုရေးစခန်း၌ ဩဂုတ် ၂၀ ရက်က ကွယ်လွန်ခဲ့ကြောင်း စီအင်န် အေသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာစစ်ကြီးနှစ်ခု အပါအဝင် အရေးကြီးသော ကမ္ဘာ့သမိုင်းဖြစ်စဉ်များစွာကို ကြုံတွေ့ခဲ့ဖူးသည့် မာရီယာဘရန်ယတ်စ်ကို ဂင်းနစ်ကမ္ဘာ့စံချိန်အဖွဲ့အစည်းက ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ကမ္ဘာ့အသက်အကြီးဆုံး သက်ရှိလူသားအဖြစ် မှတ်တမ်းတင်ခဲ့သည်။

၄င်းအနေဖြင့် အိပ်ပျော်နေစဉ် ဝေဒနာခံစားရခြင်း အလျဉ်းမရှိဘဲ ငြိမ်းချမ်းစွာ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ၄င်း၏သမီး အသုံးပြုသော အိတ်ခ်စ်လူမှုကွန်ရက်တွင် ရေးသားလွှင့်တင်ခဲ့သည်။

"ကျွန်မအင်အားချိနဲ့နေပါပြီ။ သွားရမည့်ကာလ ရောက်လာပါတော့မည်။ မငိုကြပါနှင့်။ ကျွန်မမျက်ရည်တွေကို မနှစ်သက်ပါ။ ကျွန်မ ဘယ်ကိုသွားရသွားရ ပျော်ရွှင်ပါမည်"ဟု ၄င်းမကွယ်လွန်မီက ပြောခဲ့သောစကားကို သမီးဖြစ်သူက အဆိုပါလူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားလွှင့်တင်ပေးခဲ့ကြောင်း သိရသည်။

**Mon**

# ထိုင်းနိုင်ငံ၏ အမျိုးသားစီးပွားရေးအခြေအနေ မှန်းထားသလို မြင့်တက်မလာဘဲ ရပ်တန့်လျက်ရှိ



**ဘန်ကောက် ဩဂုတ် ၂၁**

ထိုင်းနိုင်ငံ၏ အမျိုးသားစီးပွားရေးအခြေအနေသည် မျှော်မှန်းထားသလို မြင့်တက်မလာဘဲ ရပ်တန့်လျက်ရှိသည်ဟု ဘဏ္ဍာရေးဝန်ကြီး ပီချိုင်းချွန်ဟာဗာဂျီရာ က ဩဂုတ် ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရှေ့တောင်အာရှဒေသတွင် ဒုတိယစီးပွားရေးအင်အားအကောင်းဆုံးဖြစ်သည့် ထိုင်းနိုင်ငံတွင် ပထမသုံးလပတ်ကာလက စီးပွားရေးတိုးတက်မှု ၁ ဒသမ ၆ ရာခိုင်နှုန်း ရှိခဲ့ရာမှ ဒုတိယသုံးလပတ်အတွင်း ၂ ဒသမ ၃ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့သည်။

ထိုင်းဗဟိုဘဏ်က အတိုးနှုန်းကို ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ပြီးလျှင် ဘတ်ငွေတန်ဖိုးကိုသာမက စီးပွားရေးနှင့် ကုန်သွယ်ရေးကိုလည်း တိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

စစ္စလီကျွန်းအနီး ဖြစ်ပွားခဲ့သော ဘာယေးရှန်းဇိမ်ခံရွက်လှေနစ်မြုပ်မှုတွင် ပျောက်ဆုံးသွားသူများကို ဩဂုတ် ၂၀ ရက်က ဆက်လက်ရှာဖွေနေကြစဉ်။

**Mon**






# ဘာရာဇီးနိုင်ငံအတွင်းရှိ အမေဇုံသစ်တောထဲတွင် တောမီးများ အရှိန်ပြင်းစွာ တောက်လောင်နေဆဲ

**ဘာရာစီးလီးယား ဩဂုတ် ၂၁**

ဘာရာဇီးနိုင်ငံ အမေဇိုနတ်စ်ပြည်နယ် အာပွီဒေသအတွင်းရှိ အမေဇုံသစ်တောထဲတွင် တောမီးများ အရှိန်ပြင်းစွာ တောက်လောင်နေဆဲဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေဇုံတောစပ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ပေါ်တိုဗဲလ်ဟိုမြို့တွင် အဆိုပါတောမီးများမှ ထွက်လာသည့် မီးခိုးငွေ့များ ပိတ်လှောင်လျက်ရှိကြောင်း ဒေသခံများက ထုတ်ဖော်ပြောကြားသည်။

ဩဂုတ်လဆန်းပိုင်းကထက် လလယ်ပိုင်းတွင် ပို၍အခြေအနေ ဆိုးရွားလာပြီး ဩဂုတ် ၂၀ ရက်က ထိုမြို့၏ လေထုညစ်ညမ်းမှုအခြေအနေသည် ပီအမ် ၂ ဒသမ ၅ အထိ ရောက်ရှိခဲ့သည်။

ယင်းပီအမ်အဆင့်တွင် မီးခိုးငွေ့ရှူမိသူများသည် အဆုတ်ကင်ဆာ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ဆီးချိုရောဂါအခြေအနေဆိုးရွားလာစေနိုင်မည်ဟု ဆိုသည်။

ဒေသခံလယ်သမားများက စိုက်ပျိုးမြေ ချဲ့ထွင်ရန် မြက်များ၊ အပင်ငယ်များ၊ ရိုးပြတ်များကို မီးရှို့ကြရာမှ အမေဇုံသစ်တောထဲ၌ တောမီးလောင်လေ့ရှိကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ကမ္ဘာ့အရေးပေါ်အခြေအနေ ကြေညာထားသော်လည်း မျောက်ကျောက်ရောဂါကို ကောင်းစွာထိန်းချုပ်နိုင်မည်

**ဝါရှင်တန် ဩဂုတ် ၂၁**

မိမိတို့အဖွဲ့အစည်းက ကမ္ဘာလုံးဆိုင်ရာအရေးပေါ်အခြေအနေ ကြေညာထားသော်လည်း မျောက်ကျောက်ရောဂါကို ကောင်းစွာ ထိန်းချုပ်နိုင်မည်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဥရောပဒေသဆိုင်ရာညွှန်ကြားရေးမှူး ဒေါက်တာ ဟန့်စ်ကလုက ရှင်းလင်းပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကာကွယ်ဆေးလိုအပ်သော ဒေသများသို့ ကာကွယ်ဆေးများ ပို့ပေးပြီး ထိုးနှံစေခြင်း၊ ရောဂါမကူးစက်အောင် တားဆီးကာကွယ်ခြင်းများ လုပ်ဆောင်လျှင် အချိန်တိုအတွင်း မျောက်ကျောက်ရောဂါကို ထိန်းချုပ်နိုင်မည်ဟု ကျွမ်းကျင်သူများက ယူဆသည်။

ကူးစက်မှုများပြားသော ပတ်ဝန်းကျင်ရှိ လူအချို့ကိုသာ ကာကွယ်ဆေးထိုးနှံပေးရန် လိုအပ်မည်ဖြစ်ပြီး နှာခေါင်းစည်းတပ်ရန် မလိုကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ပါကစ္စတန် ပါလီမန်ရုံးထဲ၌ ကြွက်များသောင်းကျန်းနေ အရေးကြီးစာရွက်စာတမ်းများကို ကိုက်ဖြတ်ဖျက်ဆီးခံရ

**အစ္စလာမ္မာဘတ် ဩဂုတ် ၂၁**

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့တော်ရှိ ပါလီမန်ရုံးထဲ၌ ကြွက်များသောင်းကျန်းနေပြီး အရေးကြီးစာရွက်စာတမ်းများ ကိုက်ဖြတ်ဖျက်ဆီးခံခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကြွက်များသည် အရွယ်အစား အလွန်ကြီးမားပြီး ကြောင်များပင်လျှင် ၄င်းတို့ကို ကြောက်ရလောက်ကြောင်း အမျိုးသားပါလီမန်ပြောခွင့်ရသူ ဇဖာစူလ်တန်က ထုတ်ဖော်ပြောကြားသည်။

ကြွက်အများစုသည် ပထမထပ်တွင် ရှိနေကြပြီး ပါလီမန်အထက်ရုံး အတိုက်အခံခေါင်းဆောင်နှင့် နိုင်ငံရေးပါတီအများစု အစည်းအဝေးကျင်းပသော အခန်းများထဲ၌ ရုံးဆင်းပြီးချိန် ညနေပိုင်းများတွင် ဥဒဟို ဝင်ထွက်သွားလာနေကြသည်။

၂၀၀၈ ခုနှစ်က အစည်းအဝေးမှတ်တမ်းများ အပါအဝင် အရေးကြီးစာရွက်စာတမ်းများ ကိုက်ဖြတ်ဖျက်ဆီးခံရပြီးနောက် ကြွက်များကို ရှင်းလင်းဖယ်ရှားပေးရန် ပါလီမန်က သက်ဆိုင်ရာကုမ္ပဏီများကို ဆက်သွယ်ပြီး အလုပ်အပ်နှံခဲ့ရာ ကုမ္ပဏီနှစ်ခုက အကြောင်းပြန်သော်လည်း ပါလီမန်သို့ ရောက်မလာသေးသဖြင့် ကြွက်များ၏ အနှောင့်အယှက်ခံနေရဆဲဖြစ်ကြောင်း သိရသည်။

**Mon**



# ဘိုးရင်း ၇၇၇ အိတ်ခ်စ်လေယာဉ် စမ်းသပ်ပျံသန်း အတွင်းအစိတ်အပိုင်း မှားယွင်းမှုကြောင့် ဆိုင်းငံ့ထားရ

**ဝါရှင်တန် ဩဂုတ် ၂၁**

ဘိုးရင်းကုမ္ပဏီက ကိုယ်ထည်ကျယ်ဝန်းသည့် ခရီးသည်တင်လေယာဉ် အမျိုးအစားအသစ်ဖြစ်သော ၇၇၇ အိတ်ခ်စ် ဂျက်လေယာဉ် မကြာသေးမီက တပ်ဆင်ထုတ်လုပ်ခဲ့သည်။

ထိုလေယာဉ်ကို မရောင်းချမီ ခရီးသည်များ စီးနင်းလိုက်ပါရာတွင် ဘေးကင်းလုံခြုံမှုရှိစေရန် ကုမ္ပဏီမှ သက်ဆိုင်ရာ အင်ဂျင်နီယာများ ယခင်အပတ်အတွင်းက စမ်းသပ်မောင်းနှင်စစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးစဉ် အင်ဂျင်နှင့် ဆက်နေသော အတွင်းအစိတ်အပိုင်းများ မှားယွင်းမှု ကြုံတွေ့ခဲ့ရသဖြင့် ပျံသန်းမှုကို ဆိုင်းငံ့ထားရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းဆိုင်းငံ့မှု ရှေ့ပိုင်းကာလအတွင်း ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့ရာ မိမိတို့ ပုံဖော်ထားသည့်အတိုင်း ကောင်းစွာလုပ်ဆောင်ခြင်းမရှိသော အစိတ်အပိုင်းတစ်ခုကို တွေ့ရှိခဲ့ကြောင်း ဘိုးရင်းကုမ္ပဏီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘိုးရင်းကုမ္ပဏီက ထုတ်လုပ်သော လူကြိုက်များသည့် ၇၇၇ ခရီးသည်တင်လေယာဉ် အုပ်စုထဲတွင် နောက်ဆုံးပေါ်ဖြစ်သော ၇၇၇ အိတ်ခ်စ် ဂျက်လေယာဉ် ထုတ်လုပ်မည့် အစီအစဉ်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလကတည်းက စတင်မိတ်ဆက်ခဲ့သည်။

ယခုနောက်ပိုင်း ထုတ်လုပ်မည့် လေယာဉ်များ ဘေးကင်းလုံခြုံမှု ရှိ၊ မရှိ ကိုယ်တိုင် စစ်ဆေးနိုင်ရန် ဆီယက်တဲလ်မြို့တွင် မိမိ ရုံးထိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဩဂုတ်လဆန်းပိုင်း၌ အမှုဆောင်အရာရှိချုပ်တာဝန် စတင်ထမ်းဆောင်သော အသက် ၆၄ နှစ်အရွယ် ကယ်လီအော့ဘတ်က ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0



## စက်သုံးဆီဆိုင်များအား ကွင်းဆင်း စစ်ဆေး

**ကာလိ ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့အတွင်းရှိ စက်သုံးဆီဆိုင်များတွင် လက်ရှိရောင်းချလျက်ရှိသော ဈေးနှုန်းနှင့် သိုလှောင်ထားသော အရေအတွက်များအား မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းကို ကာလိမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်သန်းနှင့်ဝန်ထမ်းများ၊စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်မြင့်လွင်၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကျေးစာရေးတို့က ကာလိမြို့အတွင်း ဖွင့်လှစ်ထားသော စက်သုံးဆီဆိုင်များတွင် လက်ရှိရောင်းချနေသော ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်းများနှင့် သိုလှောင်ထားသော ဓာတ်ဆီ၊ ဒီဇယ် အရေအတွက်များအား ကွင်းဆင်းစစ်ဆေး၍ စာရင်းများ ကောက်ယူခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)






## တားမြစ်ထားသော ဆေးဝါးပစ္စည်းများ ဖြန့်ဖြူးရောင်းချမှု မရှိစေရေး ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်း ဒေသခံပြည်သူများ ကျန်းမာရေးအတွက် ဆေးဝါးပစ္စည်းများ ဝယ်ယူစားသုံးရာတွင် အဆင်ပြေစေရန်နှင့် FDA မှ စားသုံးရန်မသင့်သည့် တားမြစ်ထားသော ဆေးဝါးပစ္စည်းများ ဖြန့်ဖြူးရောင်းချမှုများမရှိစေရေးအတွက် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနဦးဆောင်၍ ဌာနဆိုင်ရာပူးပေါင်းစစ်ဆေးရေးအဖွဲ့တို့က မြို့ပေါ်ရှိ ဆေးဝါးပစ္စည်းအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြို့မစည်ပင်သာယာဈေး၊ ဒက္ခိတဈေးနှင့် မြို့ပေါ်ရပ်ကွက်များအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဆေးဝါးပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်ပြီး ဆေးဝါးပစ္စည်းများရောင်းချရာ၌ ဈေးနှုန်းမြင့်တင်ရောင်းချခြင်း ရှိ၊ မရှိ၊ FDA မှ စားသုံးရန်မသင့်သည့် တားမြစ်ထားသော ဆေးဝါးပစ္စည်းများ ရောင်းချခြင်း ရှိမရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဆေးဆိုင်လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသခံပြည်သူများထံ ဆေးဝါးပစ္စည်းများရောင်းချရာ၌ အခက်အခဲမဖြစ်စေရေးအတွက် သတ်မှတ်ကာလပေါက်ဈေးထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းများ မပြုလုပ်ကြရန်နှင့် တားမြစ်ထားသော ဆေးဝါးပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်းအား စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကျောက်တလုံးကြီးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွား



**ကျောက်တလုံးကြီး ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင်၊ကျောက်တလုံးကြီးမြို့၊ နားဟီးကျေးရွာအုပ်စု၊ နောင်စန့်ကျေးရွာတွင် ယမန်နေ့ ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုကြောင့် အဆိုပါကျေးရွာ မြေနိမ့်ပိုင်းရှိ နေအိမ်များ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊နယ်မြေခံနမ်းမှူးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီးကို လည်းကောင်း၊ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ New Amboဆိုင်ကယ်တစ်စီးအပါအဝင် ဆိုင်ကယ်ခုနစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ်၁၉ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့်တရုတ်နိုင်ငံထုတ်Itel Mobile Phone ခြောက်လုံး၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့်CHI GO Air Condititioner အလုံး ၆၁၀အပါအဝင် ကုန်ပစ္စည်းလေးမျိုးကိုလည်းကောင်း၊TMTဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ Country of Origin လွဲမှားသည့်CMP ချုပ်ထည်အမျိုးသမီးဝတ်ကုတ်အင်္ကျီ ၈၅၉၃ထည်အပါအဝင် အဝတ်အထည် လေးမျိုးကို လည်းကောင်းသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၀ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၆၂၉ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မန္တလေး ဩဂုတ် ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးလုံခြုံစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်များသို့ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သတိပြုရမည့်အချက်များကိုအသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်းကို ဩဂုတ် ၂၀ရက် ညနေ ၆နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးနှိုးဆော်ရာတွင် နေအိမ်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးနှင့်မီးသတ်ဆေးဘူးများ စီစဉ်ဆောင်ရွက်ထားရှိရေး၊ မီးသွေးမီးဖိုဖြင့်ထမင်း၊ ဟင်းချက်ပြုတ်ပြီးပါက မီးကြွင်းမီးကျန်များအား စနစ်တကျငြိမ်းသတ်ထားရှိရန်စသည့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ကြေညာချက်များအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသံချဲ့စက်ယာဉ်ဖြင့်လှည့်လှည် နှိုးဆော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၇)

## မြင်းခြံမြို့နယ် ကျောက်ကန်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားကြောင်းနှင့် ကျန်ပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်

နေပြည်တော် ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျောက်ကန်ကျေးရွာကို ဩဂုတ် ၁၉ ရက်က လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်းနှင့် ကျန်ရှိသည့် ပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**ဆောင်ရွက်လျက်ရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ မြင်းခြံမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများက မြင်းခြံမြို့နယ်မှ ကျေးရွာအချို့ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်များမီးလောင်ပျက်စီးပြီး ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ၎င်းကျေးရွာမှ ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းနှင့် ဖျက်ဆီးခြင်းများမရှိကြောင်း သိရသည်။




၎င်း PDF အမည်ခံအကြမ်းဖက်သမားများသည် မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့်အတွက် ဒေသခံပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေ နေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတစ်ဝန်းတွင် စစ်မှုထမ်းရန်အကျုံးဝင်သည့် အမျိုးသမီးများစာရင်းအား တပ်မတော်က ကောက်ယူနေကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား




နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတစ်ဝန်းတွင် စစ်မှုထမ်းရန်အကျုံးဝင်သည့် အမျိုးသမီးများစာရင်းကို တပ်မတော်က ကောက်ယူနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နိုင်ငံတစ်ဝန်း စစ်မှုထမ်းရန် အကျုံးဝင်သည့် အမျိုးသမီးများ စာရင်းကို ကောက်ယူခြင်း မရှိကြောင်းနှင့် အမျိုးသမီးများ စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်ပြီး နိုင်ငံတော်နှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့က မည်သည့်ထုတ်ပြန် ကြေညာချက်မှ ထုတ်ပြန်ကြေညာ ခဲ့ခြင်းမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် ပတ်သက်၍ လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ၎င်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသင်းဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထို့ကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်သို့ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "MC ZAW MIN" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ဇော်မင်းထွန်း(ခ)ပြောင်ကြီးအား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Zin Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်နေ သန့်ဇင်မိုးအား မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ "LU LU SWE" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ လုလုဆွေ(ခ) ပန်ပန်အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ "Kyaw Zin Win" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ အမရပူရမြို့နယ်နေ ကျော်ဇင်ဝင်း(ခ) ဖိုးသားအား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ "Demo Koko" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မောင်ကိုကိုအား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ "EI MA MA" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်နေ မမသက်အား ညနေ ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Aung Kyaw Myo Myo" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ ဝမ်းတွင်းမြို့နယ်နေ အောင်ကျော်မျိုးအား ည ၈ နာရီခွဲတွင်လည်းကောင်း၊ "အမေ့သား ပြည့်ဖြိုး" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်နေ ဖြိုးမင်းသန်း(ခ)ပေါလုအား ည ၉ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Zar Ni Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ်နေ ဇာနည်စိုးအား ည ၁၁ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ကဲ့သို့ CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေး ကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်




## မြစ်ကြီးနားနှင့် လားရှိုးရုံးခွဲများတွင် နိုင်ငံကူးလက်မှတ်ပြုလုပ်ရန် Appointment Date ရယူထားသူများ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးတွင် ဆောင်ရွက်နိုင်

မြစ်ကြီးနားနှင့် လားရှိုးရုံးခွဲများတွင် နိုင်ငံကူးလက်မှတ်ပြုလုပ်ရန် Appointment Date ရယူထား သူများအနေဖြင့် ရန်ကုန်၊ မန္တလေး နှင့် တောင်ကြီးတွင် ဆောင်ရွက် နိုင်ကြောင်း မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံးမှ သိရ သည်။

မြစ်ကြီးနားရုံးခွဲတွင် ဇူလိုင် ၂၂ရက်မှစ၍ Appointment Date ရယူထားပြီး နိုင်ငံကူးလက်မှတ် လျှောက်ထားမည့်သူများသည် ဩဂုတ် ၁၃ရက်မှစ၍ မန္တလေးရုံးတွင် ဆောင်ရွက်နိုင်ပြီး လားရှိုးရုံးခွဲတွင် ဇူလိုင် ၅ရက်မှစ၍ Appointment Date ရယူထားပြီး နိုင်ငံကူးလက်မှတ် လျှောက်ထားမည့်သူများအား ဩဂုတ် ၁၃ရက်မှစ၍ ရန်ကုန်ရုံးနှင့်တောင်ကြီးရုံးတွင် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့အနေဖြင့် နိုင်ငံကူးလက်မှတ်များကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး (ရန်ကုန်)တွင် ဖေဖော်ဝါရီ ၂၄ရက်မှစ၍လည်းကောင်း၊ နေပြည်တော်၊ မန္တလေး၊ ပုသိမ်၊ ပဲခူးတို့တွင် ၂၆ ရက်မှစ၍လည်းကောင်း Online Appointment System စနစ်ဖြင့် လုပ်ငန်းစဉ်အတိုင်း စိစစ်ထုတ်ပေးလျက်ရှိသည်။

မြစ်ကြီးနား၊ မုံရွာ၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ စစ်တွေ၊ ဟားခါး၊ ဘားအံ၊ မော်လမြိုင်၊ ထားဝယ်၊ မကွေးတို့တွင် မေ ၂ ရက်မှစ၍ Online Appointment System ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

(မန္တလေးနေ့စဉ်-၅)

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြော

ပွင့်ဖြူ ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း စီစဉ်ကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ရက် မွန်းလွဲ ၂နာရီက ပွင့်ဖြူမြို့နယ် လက်ပန္နယ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန် ဖွံ့ဖြိုးစေရန်အတွက် "လူငယ်နှင့်ရည်မှန်းချက်" ခေါင်းစဉ်ဖြင့် စာပေ သိမှတ်ဖွယ်ရာများကို ဆွေးနွေး ဟောပြောပြီး မြို့နယ်စားသုံးသူရေး ရာဦးစီးဌာန(တာဝန်ခံ) ဒေါ်ဌေးဝင်းက အစားအစာ ဘေးကင်းလုံခြုံစေရေးအတွက် သိရှိလိုက်နာရမည့် စားသုံးသူအခွင့်အရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးဟောပြော သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး စာပေ လေ့လာဖတ်ရှုနိုင်ရေး စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ဝင်ရောက် လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(၄၄၅)

# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ David Goffin တက်ရောက်



**ဝါရှင်တန် ဩဂုတ် ၂၁**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဘယ်လ်ဂျီယံတင်းနစ်ကစားသမား David Goffin တက်ရောက်ခဲ့သည်။

အဆိုပါ ဘယ်လ်ဂျီယံတင်းနစ်ကစားသမား David Goffin သည် 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမား Luciano Darderi အား ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ဘယ်လ်ဂျီယံတင်းနစ်ကစားသမား David Goffin နှင့် ပြင်သစ်တင်းနစ်ကစားသမား Arthur Rinderknech တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ဝဲပုံ)(NGB)**




## PFA တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဖိုဒန်ဆွတ်ခူး

**မန်ချက်စတာ ဩဂုတ် ၂၁**

ပရော်ဖက်ရှင်နယ် ဘောလုံးသမားများအဖွဲ့အစည်း(PFA)မှ ချီးမြှင့်သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ PFA တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို မန်ချက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ဖိုဒန်က ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ချက်စတာစီးတီးအသင်းအား ပရီးမီးယားလိဂ်ဆုဖလားကြီး ဆွတ်ခူးရရှိအောင် အဓိက ပံ့ပိုးကူညီပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဖိုဒန်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၁ ပွဲကစားပြီး ၈၇ ဂိုးထိ သွင်းယူထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဖိုဒန်က ကျွန်တော် အခုလို PFA တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော် အခုလို ဆုရရှိအောင် အကောင်းဆုံးပံ့ပိုးကူညီတဲ့ အသင်းဖော်တွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတံဆိပ်တွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## ဂိုးသမား ဂါဆီယာအား ခေါ်ယူရန် အာဆင်နယ်အသင်း စီစဉ်

**လန်ဒန် ဩဂုတ် ၂၁**

အာဆင်နယ်အသင်းသည် အက်စ်ပန်ညိုအသင်း ဂိုးသမား ဂါဆီယာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂိုးသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက အက်စ်ပန်ညိုအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၁ ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

အက်စ်ပန်ညိုအသင်းကလည်း ဂိုးသမား ဂါဆီယာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အက်စ်ပန်ညိုအသင်းထံမှ ဂါဆီယာအားရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ဝဲပုံ)**
**(NGB)**



## ကာယူစတေအား တစ်ရာသီအငှားစာချုပ်ဖြင့် အစ်ဆွစ်ချ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၁**

ပရီးမီးယားလိဂ်တန်းတက်ကလပ် အစ်ဆွစ်ချ်အသင်းသည် နာပိုလီအသင်း ကွင်းလယ်ကစားသမား ကာယူစတေအား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နာပိုလီအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၅ ပွဲကစားကာ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အစ်ဆွစ်ချ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အစ်ဆွစ်ချ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား (၇)ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး နောက်ထပ်လည်း ကစားသမား ခေါ်ယူမှုများထပ်မံပြုလုပ်သွားဦးမည် ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## ကားလိုစ်ဆိုလာအား ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စိတ်ဝင်စား



**လန်ဒန် ဩဂုတ် ၂၁**

ဝက်စ်ဟမ်းအသင်းသည် ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား ကားလိုစ်ဆိုလာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၃ ပွဲကစားပြီး ၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ကားလိုစ်ဆိုလာကိုယ်တိုင်ကလည်း လက်ရှိအချိန် ပီအက်စ်ဂျီအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ကားလိုစ်ဆိုလာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ဝဲပုံ)**
**(NGB)**

## နီကိုဝီလီယံ ဘီလ်ဘာအိုအသင်းတွင်သာ ဆက်ရှိသွားမည်

**မက်ဒရစ် ဩဂုတ် ၂၁**

ဘီလ်ဘာအိုအသင်း တောင်ပံကစားသမား နီကိုဝီလီယံက မိမိအနေဖြင့် အသင်းမှထွက်ခွာမည်ဆိုသောသတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြောကြားခဲ့သည်။



အဆိုပါ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

တောင်ပံကစားသမား နီကိုဝီလီယံသည် ဘီလ်ဘာအိုအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၁၃၃ ပွဲကစားကာ ဂိုး ၂၀ထိ သွင်းယူထားသည်။

အသက်(၂၂)နှစ်အရွယ်ရှိ နီကိုဝီလီယံက ကျွန်တော် ဘီလ်ဘာအိုအသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းမှာ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသိမ်းပိုက်သွားချင်ပါတယ်ဟု ပြောသည်။

**(ဝဲပုံ)**
**(NGB)**

## မိုရာတာ ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**မီလန် ဩဂုတ် ၂၁**

အေစီမီလန်အသင်း ဝါရင့်တိုက်စစ်မှူး မိုရာတာ ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် စီးရီးအေပွဲစဉ်အဖြစ် အေစီမီလန်အသင်းက တိုရီနိုအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး မိုရာတာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အေစီမီလန်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အေစီမီလန်အသင်း ထုတ်ပြန်ချက်တွင် မိုရာတာ ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရမှာပါ။သူ့ရဲ့ ဒဏ်ရာလည်း ယခုထက်ပိုမို အမြန်ဆုံး သက်သာပျောက်ကင်းဖို့ မျှော်လင့်ပါတယ်ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)**
**(NGB)**



### ယူရိုပါလိဂ်ခြေစစ်ပွဲစဉ်များ (ပထမအကျော့) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၂-၈-၂၀၂၄ ကြာသပတေးနေ့ | ည ၁၁း၃၀နာရီ | LASK - စတူအာဘူခါရက် |
| ။ | ။ | မိုလ်ဒီ - အဲလ်ဖ်ဘော့ |
| ။ | ။ | ရီဂတ်စ် - APOEL |
| ။ | ။ | ပယ်လ်ဇန် - ဟက်စ် |
| ၂၃-၈-၂၀၂၄ သောကြာနေ့ | နံနက် ၁၂း၀၀နာရီ | PAOK - ရှမ်းရော့ခ်ရိုဗာ |
| ။ | နံနက် ၁၂း၃၀နာရီ | မက္ကာဆီတဲလ်အဗစ် - TSC |
| ။ | ။ | လူဒိုဂိုရက်စ် - ပီသရိုကာပ်စ် |
| ။ | ။ | ဗီရန်တာရို့စ် - ဘိုရက် |
| ။ | နံနက် ၁း၀၀နာရီ | လူဂါနို - ဘီဆစ်တပ်စ် |
| ။ | နံနက် ၁း၁၅နာရီ | ဒိုင်နမိုမင့်စ် - အန်းဒါးလက်ချ် |
| ။ | ။ | ဂျာဂယ်လိုနီယာ - အေဂျက်စ် |
| ။ | နံနက် ၂း၀၀နာရီ | ဘရာဂါ - ရက်ပစ်ဗီအန် |

# မြေသြဇာလိုင်စင်ရပြီးတန်ချိန် ၆ သိန်းအနက် တန်ချိန် ၄ သိန်းကျော် တင်သွင်းပြီးဖြစ်

**မန္တလေး ဩဂုတ် ၂၁**

သွင်းအားစုများတင်သွင်းသည့် ကုမ္ပဏီများမှ မြေသြဇာလိုင်စင်ရပြီး တန်ချိန် ၆ ဒသမ ၁ သိန်းအနက် တန်ချိန် ၄ ဒသမ ၃၄သိန်းတင်သွင်းပြီးဖြစ်ရာ ကျန်ရှိသည်များကို လိုင်စင်ရအသင်းဝင်ကုမ္ပဏီများအနေဖြင့် အချိန်မီတင်သွင်းရန်လိုကြောင်း ယူရီးယားမြေသြဇာဝယ်ယူ ဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးစပါးစိုက်ရာသီတွင် နိုင်ငံစီးပွားမြင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများဖြန့်ဖြူးလျက်ရှိပြီး ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချရန် ထုတ်ပြန်ထားသည်ဟု ဆိုသည်။

"သွင်းအားစု တင်သွင်းမှု လျော့နည်းလာရင် ဓာတ်မြေသြဇာလိုအပ်ချက်ရှိလာပြီး တရားမဝင်ဈေးကွက်တွေ ဖြစ်ပေါ်လာနိုင်တယ်။ တင်သွင်းဖို့ ကျန်ရှိနေတဲ့ ကုမ္ပဏီတွေအနေနဲ့ မိုးစပါးစိုက်ရာသီမှာ အချိန်မီတင်သွင်းကြဖို့ လိုပါတယ်။ ရည်ညွှန်းဈေးအတိုင်း ရောင်းချမှုရှိမရှိ၊ ရည်ညွှန်းဈေးကို ပုံမှန်ထုတ်ပြန်ပေးဖို့တွေကိုလည်း ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်းတင်သွင်းနိုင်ရေးအတွက် လျာထားချက်အရ ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇူလိုင်လထိ လေးလအတွင်း သွင်းအားစုများတင်သွင်းသည့် ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိရေး ဆောင်ရွက်ပေးထားရာ မြေသြဇာတန်ချိန် ၉၅၃၁၇၉ ဒသမ ၆၄ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၁၃၁၇၄ ဒသမ ၅၄ တန်ရှိပြီဖြစ်ကြောင်း၊ ကုမ္ပဏီများ၏ တင်ပြချက်အရ ဓာတ်မြေသြဇာအတွက် လိုင်စင်ရပြီး တန်ချိန် ၆ ဒသမ ၁ သိန်းအနက် တန်ချိန် ၄ ဒသမ ၃၄ သိန်းကျော် တင်သွင်းပြီးဖြစ်သည်။

ဆက်လက်ပြောကြားရာတွင် "သွင်းအားစုတွေ အချိန်မီရရှိဖို့၊ အရည်အသွေးပြည့်မီဖို့နဲ့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးနိုင်ဖို့အတွက် သက်ဆိုင်ရာဌာနတွေက ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရေကြီးနစ်မြုပ်သွားတဲ့စိုက်ဧကတွေမှာ ရေပြန်လည်ကျဆင်းသွားတော့ အချိန်မီစိုက်ပျိုးနိုင်ဖို့ သက်သာတဲ့နှုန်းထားဖြစ်တဲ့ ယူရီးယားမြေသြဇာ တစ်အိတ်ကို ငွေကျပ် ၇၃၀၀၀ နဲ့ ၁၅ပတ်လည် ကွန်ပေါင်းတစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် တောင်သူများအား ရောင်းချပေးတယ်"ဟု ဆက်လက်ပြောကြားသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**






# ကြက်မောက်တောင် ဆည်ရေသောက်ဒေသမိုးစပါး စိုက်ပျိုးနေမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင် ဆည်ရေသောက်ဒေသ ကိုင်းကျေးရွာအုပ်စု၊ ကိုင်းကျေးရွာတွင် မိုးစပါးစိုက်ပျိုးနေမှုအခြေအနေများကို ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့်အတူ၊ စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ ဌာနဆိုင်ရာများဖြစ်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆွေဝင်း၊ မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းလွင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြပြီး၊ ကိုင်းကျေးရွာနေ တောင်သူ ဒေါ်အုံးကြည်၏ ကိုင်းရွာမကွင်း၊ ကွင်းအမှတ်-၂၂၆၈၊ ဦးပိုင်အမှတ်-၇၁/၂ ရှိ ၁ ဒသမ ၆၀ ဧကပေါ်၌ ဆင်းသုခမိုးစပါး စိုက်ပျိုးနေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှု၍ မြို့နယ်ဥက္ကဋ္ဌက စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များနှင့် လိုအပ်သည့် သွင်းအားစုများ ပံ့ပိုးကူညီပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင် ဆည်ရေသောက်ဒေသတွင် ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ဧက စုစုပေါင်းဧက ၄၀၀၀ စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(၄၅၆)**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း

**မိုင်းယောင်း ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးနှင့် ပြိုင်ပွဲဝင်များရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ အကဲဖြတ်ဒိုင်လုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးကော်မတီ၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးအဖွဲ့၊ အခမ်းအနားပြင်ဆင်ရေးအဖွဲ့၊ ဆုချီးမြှင့်ရေးအဖွဲ့၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကော်မတီ၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးကော်မတီ၊ ကျန်းမာရေးကော်မတီ၊ မီးဘေးလုံခြုံရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးနှင့်အထောက်အကူပြုအဖွဲ့တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုင်းဘွန်းစီက (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အခြေအနေအား ဖြည့်စွက်ဆွေးနွေးပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက တင်ပြချက်၊ ဆွေးနွေးချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(၅၀၅)**

# မြေပဲအထွက်နှုန်းကောင်းမွန်စေရန် စနစ်တကျမြေသြဇာသုံးစွဲသင့်

မြေပဲအထွက်နှုန်းကောင်းမွန်စေရန် စနစ်တကျမြေသြဇာသုံးစွဲသင့်ကြောင်းနှင့် ထိုမှသာ မြေပဲအထွက်နှုန်း တိုးမြင့်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြေပဲသီးနှံကို မြန်မာနိုင်ငံ အလယ်ပိုင်း၊ မိုးနည်းရပ်ဝန်းဒေသများဖြစ်သော မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများအပြားစိုက်ပျိုးရာမှာ မြေပဲသီးနှံသည် နုန်းမြေနှင့်သဲမြေတွင် စိုက်ပျိုးရန် အကောင်းဆုံးဖြစ်သည်။

ယခုနှစ် မိုးမြေပဲစိုက်ပျိုးရာ၌ ဇွန်၊ ဇူလိုင် မိုးခေါင်၍ အပင်ကြီးထွားမှုမရှိဘဲ ရပ်တန့်နေရာမှ ဩဂုတ်လတွင် မိုးပြန်လည်ရရှိခြင်းကြောင့် အပင်ပိုင်းဆိုင်ရာကြီးထွားမှုရသလောက် အထွက်ယူ ရိတ်သိမ်းရမည့် အခြေအနေများ တွေ့ရပါသည်။

အဆိုပါတောင်သူများအနေဖြင့် စွယ်ချချိန်အတွက် သင့်တော်သည့် ကွန်ပေါင်းမြေသြဇာ ၁၂ ပတ်လည် အိတ်တစ်ဝက်ခန့်ကို ဂျစ်ပဆန်ကျောက်မှုန့်နှင့် ရောထည့်ပေးခြင်းဖြင့် မြေပဲသီးနှံပိုမိုရရှိလာမည်ဖြစ်သည်။

ဆောင်းမြေပဲစိုက်တောင်သူများအနေဖြင့်လည်း စိုက်ခါနီးမြေပြုပြင်ချိန်မှာ သဘာဝမြေသြဇာ တစ်အိတ်နှင့် ကွန်ပေါင်းဓာတ်မြေသြဇာ အိတ်တစ်ဝက်နှုန်းထည့်သွင်းရပါမည်။ စိုက်ပျိုးပြီးတစ်လသားချိန် ပေါင်းရှင်းပြီးချိန်မှာ နောက်ထပ် နိုက်ထရိုဂျင်အချိုးမြင့်မားသည့် ၂၇:၃:၆ အချိုး တစ်အိတ်နှုန်းနှင့် သီးကင်းဝင်ချိန်မှာ လိုအပ်လျှင် ကွန်ပေါင်းဓာတ်မြေသြဇာ အိတ်တစ်ဝက်နှုန်းထည့်သွင်းပေးခြင်းဖြင့် မြေပဲအထွက်နှုန်း ပိုမိုကောင်းမွန်စေပါသည်။

ရိတ်သိမ်းမှုအနေဖြင့် မြေပဲရင့်မှည့်ချိန်တွင် မြေပဲတောင့်အစိများကို နေပူတွင် ၁၀ရက်ခန့် နေလှန်းပြီး မြေပဲတောင့်အရောင်မပြောင်းအောင် မြေပဲဆန်ကို ခြောက်သွေ့အောင် နေလှန်းထားပြီးမှ သိမ်းဆည်းခြင်း၊ ရောင်းချခြင်းဖြင့် တောင်သူကြီးများ၏ သီးနှံအထွက်နှုန်းကောင်းမွန်ပြီး စားသုံးသူများလည်း ဘေးအန္တရာယ်ကင်းရှင်းစေမည်ဖြစ်သည်။

လက်ရှိ ပြည်တွင်းဆီစားသုံးမှုပုံစံအရ မြေပဲဆီမှာ ဝယ်လိုအားကောင်းနေပြီး ကုန်ကြမ်း မြေပဲဆန်မှာလည်း လိုအပ်ချက်မြင့်မားနေတာကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်သည်။

ဩဂုတ် ၂၀ရက် မန္တလေးဈေးကွက်တွင် မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ကျော်ပေါက်ဈေးရှိပြီး မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၆၈၀၀ ပေါက်ဈေးရှိပြီး မြေပဲစိုက်တောင်သူများ အကျိုးအမြတ်များကြောင်း သိရသည်။ **(အောက်ပုံ)**

**ရွှေမန်း**



# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**လှိုင်လင် ဩဂုတ် ၂၁**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံးနှင့် ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တို့ ပူးပေါင်း၍ လူငယ်နှင့် အွန်လိုင်းဂိမ်းအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါတက္ကသိုလ်ခန်းမတွင် ပြုလုပ်ပါသည်။

အသိပညာပေးဟောပြောပွဲတွင် ဦးစွာ လှိုင်လင်မြို့နယ် ရဲတပ်ဖွဲ့မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းစိုးက သတင်းတုသတင်းမှားများအကြောင်းကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှိုင်းဝေက ခင်ပွန်းကြီးဆယ်ပါးအကြောင်းကိုလည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမော်ကလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေးက လူငယ်နှင့် အွန်လိုင်းဂိမ်းအန္တရာယ်အကြောင်းကိုလည်းကောင်း အသီးသီးအသိပညာပေးဟောပြောကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်မြင့်ခိုင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၀၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီး၏ ပဌမအကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲနှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနား ကျင်းပ

**မင်းဘူး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့အထင်ကရ ရှေးဟောင်းသမိုင်းဝင် ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီး၏ ပဌမအကြိမ်မြောက်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၇ နာရီက မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက် ကေလာသဖ တောင်တော်ပေါ်ရှိ အဆိုပါဘုရားရင်ပြင်တော်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်နှင့်ဇနီး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ် သိန်းထွန်းဦး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ပင့်သံဃာ ဆရာတော်များထံမှ ရှစ်ပါးသီလ၊ ပရိတ်တရားတော်နှင့် အနုမောဒနာတရားတော်များ နာယူကြည်ညို၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်နှင့်ဇနီးတို့က သံဃာတော်များထံ စိန်ဖူးတော်နှင့် ဘက်စုံအလှူငွေ ကျပ် ၁၀ သိန်း ဆက်ကပ်လှူဒါန်းခြင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ် သိန်းထွန်းဦးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှအတန်းများပေးဝေခြင်း၊ သံဃာတော်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ရွှေထီးတော်တင်လှူရေးအဖွဲ့ထံသို့ အပ်နှံခြင်းများ ဆောင်ရွက်ခဲ့ကြပြီးနောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သဖူးတော်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ဟင်္သာမင်းနှင့်ဘုံအဆင့်များအား ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ခဲ့သည်။

ရွှေထီးတော်တင်လှူရေးအဖွဲ့မှ ဦးဆောင်၍ မင်းဘူးခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဘုရားဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက မင်္ဂလာအောင်အိုးနှင့် ဘုံအဆင့်ဆင့်အား ရထားပျံဖြင့်ပင့်ဆောင်ခြင်း၊ ဆပ်သဖူးတော်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ဟင်္သာမင်း၊ ငှက်မြတ်နားတော်နှင့် နောက်ဆုံးအဆင့် စိန်ဖူးတော်တို့အား ရထားပျံဖြင့် အဆင့်ဆင့် ပင့်ဆောင်၍ ရွှေထီးတော်အား တင်လှူပူဇော်ခြင်း၊ အရံစေတီတော်များအား ရွှေထီးတော်နှင့် စိန်ဖူးတော်များ တင်လှူပူဇော်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီးနောက် ရွှေထီးတော်တင်လှူပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ် အောင်အတိတ်အောင်နိမိတ်ကြွေးကြော်ခြင်းများ ဆောင်ရွက်ကာ ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့သည်။

ဆက်လက်၍ ပင့်သံဃာဆရာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ခဲ့ပြီးနောက် မင်းဘူးမြို့ အထင်ကရ ရှေးဟောင်းသမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ အလှူရှင်များနှင့် ဒေသခံများမှ လှူဒါန်းမှုဖြင့် ပဌမအကြိမ်မြောက်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲအောင်ပွဲမင်္ဂလာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြပြီးနောက် ပင့်သံဃာဆရာတော်ကြီးများအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၅၀၀)

## သန်းခေါင်စာရင်းကောက်ယူရေး ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်

**ကျိုင်းတုံ ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ကျိုင်းတုံ ပညာရေးဒီဂရီကောလိပ်တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ကျော်နိုင်စိုးက အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ပြည်နယ်အဆင့် နည်းပြသင်တန်းသို့ တက်ရောက်လာသည့် သင်တန်းနည်းပြ၊ သင်တန်းမှူး၊ သင်တန်းအထောက်အကူပြုအဖွဲ့များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး (ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြတ်သာက သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်လာသူများအား သန်းခေါင်စာရင်းအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

သင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၆၁ ဦး တက်ရောက်ပြီး ဩဂုတ် ၁၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)




## ကမ်းပြိုဘေးသင့်ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့ပေးအပ်

**မင်းဘူး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊မင်းဘူး(စကု)မြို့နယ်၌ ဧရာဝတီမြစ်ကမ်းဘေးရှိ ကမ်းပြိုဘေးသင့် အိမ်ထောင်စုဝင် မိသားစုများအား ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများကို ဩဂုတ် ၂၀ ရက် ညနေ ၃ နာရီက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ပေးအပ်ရာတွင် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၈ ရက်က မိုးများသည်းထန်စွာရွာသွန်းပြီး၊ မြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းပြိုဘေးသင့်ခဲ့သော မင်းဘူး(စကု)မြို့နယ် သနပွင်ကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာမှ အိမ်ထောင်စု(၅) စု၊ လူဦးရေ(၁၇) ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၅၀၀၀၀၀ နှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၃၅၇၀၀၊ စုစုပေါင်းကျပ် ၅၃၅၇၀၀ အား မင်းဘူးမြို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ကမ်းပြိုဘေးသင့် ပြည်သူများ၏လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၄)

## ရေကြီးနစ်မြုပ်သည့် စပါးစိုက်ခင်းများ ပြန်လည်ကောင်းမွန်စေရန် စနစ်တကျ မြေသြဇာထည့်သွင်းသင့်

ယခုနှစ်မိုးရာသီတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် စပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ စပါးအမြန်ပြန်လည်စိုက်ပျိုးနိုင်စေရန် စပါးခင်းနှင့် မြေဆီလွှာ ပြန်လည်ကောင်းမွန်ရေးအတွက် အထူးအလေးပေးဆောင်ရွက်သင့်သည်။

စိုက်ပျိုးသောမျိုးစပါးများ ရေနစ်မြုပ်ရာတွင် ကောက်ပင်များရေမျက်နှာပြင်အောက် ရောက်ရှိသွားပါက ရက်အတန်သင့် ရေမြုပ်ခံနိုင်သော်လည်း ရေနစ်မြုပ်မှုကာလချိန်ပေါ်မူတည်၍ စပါးခင်းများပြန်လည်မကောင်းဘဲ စပါးများဝါလာခြင်း၊ မြေကိုသဲဖုံးခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ဤမြေမျိုးတွင် မြေကိုမပြုပြင်ဘဲ မြေသြဇာကျွေးပါက အပင်မှမစားနိုင်ဘဲ ဆုံးရှုံးမှုများနိုင်ပါသည်။ ထို့ကြောင့် ရေကျချိန် စပါးပြန်လည်စိုက်ပျိုးရေးအတွက် မြေသြဇာကျွေးနည်းများမှာ ရေနစ်မြုပ်စပါးထိခိုက်မှုအဆင့်သာရှိပါက ထိုစပါးခင်းအား ပြန်လည်ထိန်းသိမ်းရန် အော်ဂဲနစ်မြေသြဇာများ မဖြစ်မနေသုံးစွဲသင့်သည်။

စိုက်ပျိုးမြေပြုပြင်ရာတွင် ပင်ကြွင်းပင်ကျန်များ ကောင်းစွာဆွေးမြေ့သွားရန် အော်ဂဲနစ်မြေသြဇာများထည့်သွင်းပြီး စက်ထွန်အသုံးပြု၍ ကြမ်းရိုက်မြေညှိကာ စိုက်ခင်းမြေပြုပြင်ပါ။ မြေခံတွင် ကျောက်မှုန့်(သို့)စက်ဖွဲပြာ(သို့)ပိုတက်မြေသြဇာများ ထည့်သွင်းနိုင်ပါသည်။

စိမ့်မြောင်း၊ ပတ်မြောင်းများ ပြုလုပ်၍ ကန်သင်းပေါင်ခိုင်ခံအောင် စနစ်တကျပြုပြင်ထားပါ။ စိုက်ခင်းအတွင်း ရေများအလွန်အမင်းကျန်ခဲ့ပါက ရေထုတ်မြောင်းပြုလုပ်ပေးရန်နှင့် အစိုဓာတ်များနေလျှင် လိုအပ်ပါက မှို သတ်ဆေးသုံးစွဲရန်ဖြစ်ပါသည်။

မြေခံအဖြစ် သဘာဝမြေသြဇာများသုံးပြီဆိုပါက တစ်ဧကအတွက် အော်ဂဲနစ်မြေသြဇာ အလုံး(သို့)အမှုန့် ၁-၂ အိတ်နှင့် ကွန်ပေါင်း ၁၂ ပတ်လည်ဓာတ်မြေသြဇာ တစ်အိတ် အသုံးပြုနိုင်သည်။ ပင်ပွားထွက်ချိန်တွင် အော်ဂဲနစ်ကွန်ပေါင်း ၂၇:၃:၆ တစ်အိတ် ဖုံးတုံးလုံးတုံးချိန်နှင့် ပန်းမပွင့်မီအချိန်တွင် အော်ဂဲနစ်ကွန်ပေါင်း ၁၂ ပတ်လည် အိတ်တစ်ဝက်ခန့် ထည့်သွင်းသုံးစွဲခြင်းဖြင့် စပါးအထွက်နှုန်းကောင်းမွန်စေသည်။

လက်ရှိမှာ မိုးစပါးစိုက်ပျိုးချိန်နောက်ကျသည့် တောင်သူများအနေဖြင့် ရာသီတစ်ချိန် ဆုံးရှုံးမှုမဖြစ်စေရန် စနစ်တကျ မြေသြဇာထည့်သွင်းကြောင်း သိရသည်။ (အောက်ပုံ) ရွှေမန်း



## ဟုမ္မလင်းနန်တုန်ကျိန်းချောင်းကူးကွန်ကရစ်တံတား ဖွင့်လှစ်



**ဟုမ္မလင်း ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ ဟုမ္မလင်း-ညောင်သာ-မြောက်ကုန်း-ဗျုဟာဆက်လမ်းပေါ်ရှိ နန်တုန်ကျိန်းချောင်းကူးကွန်ကရစ်တံတားကို ဩဂုတ် ၂၀ရက် မွန်းလွဲပိုင်းက ဖွင့်လှစ်လိုက်သည်။

နန်တုန်ကျိန်းချောင်းကူးကွန်ကရစ်တံတားသည် အရှည်ပေ ၈၀၊ အကျယ် ပေ ၂၀၊ RCC ကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ဟုမ္မလင်းမြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည်။

"ကျေးလက်လမ်းတံတားတွေ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဟုမ္မလင်းဒေသဟာ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့ အခြေခံကုန်ကြမ်း ပေါကြွယ်ဝလို့ MSME လုပ်ငန်းတွေ အဆင့်မြှင့်တင်ရေးနဲ့ ကျေးလက်ထုတ်ကုန်တွေ ကုန်ကျစရိတ်သက်သာစွာနဲ့ ဈေးကွက်ကို အမြန်ဆုံးရောက်ရှိဖို့နဲ့ ဈေးကွက်ရရှိရေးကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တံတားဖွင့်ပွဲတွင် ပြောသည်။

ထို့နောက် ဟုမ္မလင်းမြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက နန်တုန်ကျိန်းချောင်းကူးကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

နန်တုန်ကျိန်းချောင်းကူးကွန်ကရစ်တံတားကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ ဟုမ္မလင်းတပ်နယ်မှူးနှင့် ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၃၉၄)

## ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ပြိုင်ပွဲများ ကျင်းပ



**ကန့်ဘလူ ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်းတွင် ကဗျာရွတ်ဆို၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများနှင့် ပန်းချီပြိုင်ပွဲတို့ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ကျောင်းသား၊ ကျောင်းသူများအား ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကာယဉာဏစွမ်းရည်များထက်မြက်လာစေရန်၊ အသိပညာဗဟုသုတများ တိုးတက်လာစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ မူလတန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးတို့က ကဗျာရွတ်ဆို၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)(၄၈၀)

## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၈၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၈၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၇၃၁၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲမျိုးစုံ ဧက ၇၃၁၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၅၀၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးသီးနှံမှာ စိုက်ပျိုးတဲ့ ပဲသီးနှံအမျိုးအစားတွေကတော့ ပဲတီစိမ်း ၊ ပဲစင်းငုံနဲ့ အခြားပဲသီးနှံတို့ဖြစ်ပါတယ်။ သီးနှံအလိုက် သတ်မှတ်လျာထားဧကတွေ ပြည့်မီဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ တောင်သူတွေကိုလည်း ပဲမျိုးစုံစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းတွေ တိုးတက်အောင် ဆောင်ရွက်ကြဖို့၊ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲကြဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၂၅၆၃ ဧက၊ ပဲစင်းငုံ ၅၉၁၄ ဧက၊ အခြားပဲ ၂၄ ဧက စုစုပေါင်း ၈၅၀၁ ဧက ဖြစ်ကြောင်းသိရကာ တောင်သူများ သီးနှံအထွက်နှုန်းများတိုးပွားရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ စနစ်တကျသုံးစွဲရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက ကွင်းဆင်းကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)(၄၄၅)



## ကိုးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးကွင်းဆင်း ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အထဖြစ်ပေါ်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ရှေးဦးစွာ ကိုးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူထွန်းလင်းက အသိပညာပေးဟောပြောပွဲကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး စာအုပ်၊ စာပေဖတ်ရှုရခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကာယဉာဏနှင့်ပြည့်စုံစေရန် ကျောင်းစာအပြင် ပြင်ပစာပေများကိုပါ ဖတ်ရှုလေ့လာသင့်ကြောင်း အကျယ်တဝင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူလူငယ်များအား ဉာဏ်ရည်ဖွံ့ဖြိုးရေးအတွက် စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများကို ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်ကြပြီး ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

*-*-*-*-*

## ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ရပ်စောက် ဩဂုတ် ၂၁**

ရပ်စောက်မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ်အတွင်း ရန်ပုံငွေကျပ် ၁၉၉ ဒသမ ၀၀ သန်းဖြင့် ဆောင်ရွက်ခဲ့သော တောင်ကွက်သစ်ရပ်ကွက်ရှိ ဇရိပ်သာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း(၆၆၅' × ၁၂' × ၃'') ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(ယာပုံ)(ကဆ)



## အောင်လံမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ



**အောင်လံ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန် နေ့နံနက် ၈ နာရီခွဲက ဆောင်ရွက်ကြသည်။

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်မသုံးစွဲရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး Campaign များ ဆောင်ရွက်လျက်ရှိရာ၊ ဩဂုတ် ၂၀ ရက်တွင် အဖွဲ့ပိုင် မြို့မဈေးကြီး၌ အဆိုပါCampaign အား ပြုလုပ်ခဲ့ပြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိနှင့်ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ စည်ပင်ကော်မတီများ၊ စုစုပေါင်း ၁၀ ဦးတို့က ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အာကာ(ပြန်/ဆက်)**

၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကလေးခရိုင်အတွင်း မိုးသည်းထန်၍ မြစ်သာနှင့် ချင်းတွင်းမြစ်ရေမြင့်တက်



**ကလေး ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်အတွင်း ဩဂုတ် ၁၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသောကြောင့် မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် မြစ်ရေများမြင့်တက်လျက်ရှိကြောင်း ကလေးခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဩဂုတ် ၁၉ ရက်က မိုးရွာသွန်းမှုများအနေဖြင့် ကလေးမြို့တွင် ၀ ဒသမ ၂၄ လက်မ၊ ကလေးဝမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် မင်းကင်းမြို့တွင် ၅ ဒသမ ၉၄ လက်မတို့ရှိခဲ့ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၆၇၃ စင်တီမီတာ၊ စိုးရိမ်ရေအမှတ်အောက် ၁၄ ပေတွင်လည်းကောင်း၊ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ၁၂၅၅ စင်တီမီတာ၊ စိုးရိမ်ရေအမှတ်အောက် ၉ ဒသမ ၇ ပေတွင်လည်းကောင်း၊ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ၁၃၅၀ စင်တီမီတာ၊ စိုးရိမ်ရေအမှတ်အောက် ၃ ဒသမ ၅ ပေတို့တွင် ရောက်ရှိနေကြောင်း သိရသည်။

(ဓာတ်ပုံ)

(၃၉၄)

## စာဖတ်ရှိန်မြှင့်တင်ရေး ကျောင်းသား၊ ကျောင်းသူများ စာဖတ်ဝိုင်းကျင်းပ



**မိုင်းဖြတ် ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများဖြင့် ပြုလုပ်သည့် (Youth Club) စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းနိုင်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ၂၀၂၄ ခုနှစ်၊ ဇွန် ၁ ရက်ထုတ် အတွဲ(၂၁)၊ အမှတ်(၁၁) ဒို့ကျေးရွာဂျာနယ်ပါ "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ရေး" ခေါင်းစဉ်ပါအကြောင်းအရာများကို ရှင်းလင်းဖတ်ကြားခဲ့သည်။ ထို့နောက် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နန်းကောင်ခမ်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် သုတ၊ ရသ စာပေများကို (အခမဲ့)ငှားရမ်းပေးနေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အသိပညာပေးပြောကြားခဲ့သည်။

ဆက်လက်၍ (Grade-10) ကျောင်းသူ မမေမြတ်နိုးနိုင်က "ယနေ့ခေတ် လူငယ်များ၏ အတွေးအခေါ်ကောင်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ (Grade-10)ကျောင်းသား မောင်ကျော်ဝင်းစိုးက "လူငယ်နှင့် စာပေ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဖတ်ကြားခဲ့ကြသည်။ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ဖတ်ကြားခဲ့သည့် စာပေပါ အကြောင်းအရာများကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ဖိတ်ခေါ်ပါသည် မန်းရွှေပြည်သို့

* ဘုန်းတမေခင်
ကျုံးရေပြင် အလှထူးသမို့
လာလှည့်ပါလို့ ။

* အရှေ့တောင် ကျုံးထောင့်က
ဖူးမြော်ကြ မန္တလေးတောင်
မြင်မြင်သူ ပသာဒ ရှုမဝအောင် ။
ပြအိုးနဲ့ ပြာသာဒ်အဆောင်ဆောင်
မြို့ရိုးဘောင်(ပေါင်)ခံ့ညား
နန်းမြို့ပြင် တစ်နံလျား
ရှုကြည့်ပါလား ။

* ကျုံးတစ်ဝိုက် ရောင်စုံဖြာ
ထိန်ထိန်ဝါ တပေါ်ဘူတတွေက
ပင်လုံးကျွတ် ဝင်းထိန်ဝါ
လာခဲ့ပါ အဆွေခင်တို့ရဲ့
ကျုံးရေပြင် ကြည်လင်အေးမှာ
ငါးလေးတွေ အစာကျွေးလို့
ကုသိုလ်ယူစို့ ။ ။

**မြခြူးအိမ်–ကိုလေး**




## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း မြန်နန္ဒာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းဆီ၊ ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့်ဝန်ထမ်းများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးထက်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူးက လူငယ်နှင့် အားကစားအကြောင်းကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်နှင်းဆီက စာဖတ်ခြင်း၏ အကျိုးကျေးဇူးကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးက အရေးပေါ် မီးငြိမ်းသတ်နည်းအကြောင်းကို လည်းကောင်း အသီးသီးပညာပေးဟောပြောကြသည်။

(အောက်ပုံ)

အခမ်းအနား မစတင်မီနှင့် အခမ်းအနားအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုကြကြောင်း သိရသည်။(၀၉၃)



## သတင်းပဒေသာ

### လူထုအခြေပြုဗဟိုဌာနတွင် စစ်တုရင်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ စစ်တုရင်ပြိုင်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### သုတ၊ ရသစာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုဖြင့် ပြည်သူများ အသိပညာဗဟုသုတ တိုးပွားရရှိစေရန်အတွက် ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ ဌာနဆိုင်ရာရုံးများသို့ သုတ၊ ရသစာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်၊ စာဖတ်သည့်အလေ့အထဖြစ်ပေါ်စေရန်၊ နှုတ်မှုစွမ်းရည်တိုးတက်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန်ရည်ရွယ်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာအသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်ပြသခြင်းကို ဩဂုတ် ၂၀ရက် နံနက် ၁၀ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သစ်ပင်များအစားထိုးစိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်း

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ငဖဲမြို့နယ်၊သစ်တောဦးစီးဌာနမှ မင်းလွင်ကျေးရွာအုပ်စု၊ ခါချဉ်ကျေးရွာ မန်းကြီးပိုင်း အမှတ်(၅)တွင် စိုက်ပျိုးထားရှိသည့် ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၃၀အား အပင်ရှင်သန်ဖွံ့ဖြိုးကြီးထွားရန်အတွက် သစ်ပင်များအစားထိုးစိုက်ပျိုးခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းကို ဩဂုတ် ၂၀ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကလေးသူငယ် အသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ရွှေဘိုမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကလေးသူငယ်အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံမြို့၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် Mobile Library စနစ်ဖြင့် စာအုပ်၊စာစောင်များ အခမဲ့ငှားရမ်းခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၀နာရီက မြို့နယ်တိုင်းရင်းဆေးကုဌာနသို့ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဦးပွားဘုရားသို့ မွေးနေ့ရှင်မှ သီလကန်တော့ပွဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၂၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့် ဘုရားသို့ မွေးနေ့အထိမ်းအမှတ်အဖြစ် ၂၉လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ ဝါးတန်းရပ်နေ သီလကန်တော့ပွဲကုသိုလ်ရှင်နှင့် ဦးပွားဘုရား ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသက်နိုင်ယု+ဒေါ်အေးအေးငြိမ်း၊(သမီး)မလမင်းချစ်(Super User Mobileနှင့်သင်းနှံလက်ဖက်ပွဲရုံ) မိသားစုတို့က ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် ဦးပွားဘုရားအတွင်းရှိ ဓမ္မသာလဓမ္မာရုံ၌ ဥပုသ်သီလကန်တော့ပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို ဆရာတော်နှင့် အလှူရှင်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ပင်းသာကျောင်းဆရာတော် ဘဒ္ဒန္တဇဝန(မဟာသဒ္ဓမ္မဇောတိကဓဇ၊ ပရိယတ္တိသာသနဟိတဓီယနိကာယဘာဏက)က ရှစ်ပါးသီလနှင့် မေတ္တာသုတ်တရားတော်များကို ချီးမြှင့်ပေးသည်။ ဆက်လက်၍ အလှူရှင်များက ဆရာတော်အား သီလကန်တော့ပွဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က လှူဒါန်းမှု အစုစုတို့အား ရေစက်သွန်းချအမျှတမ်း ပေးဝေသည်။

အဆိုပါ အခမ်းအနားသို့ ဦးပွားဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အတွင်းရေးမှူး ဦးထွန်းထွန်းလင်း၊ အဖွဲ့ဝင် ဦးအောင်မောင်း၊ ဦးဇင်မင်းလွင်၊အလှူရှင်မိသားစုနှင့် ဥပုသ်သီလစောင့်တည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၆)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ (၁၆၅)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူဒါန်း

**မန္တလေး ဩဂုတ် ၂၁**

မန္တလေး၊အောင်မြေသာစံမြို့နယ်၊ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ (၁၆၅) အကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၅ နာရီက အဆိုပါအရန်မီးသတ်ရုံးရှေ့တွင် ကျင်းပခဲ့သည်။

(၁၆၅) ကြိမ်မြောက်အဖြစ် ဘုံဆွမ်းလောင်းလှူကြရာတွင် ညောင်ကွဲရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ရုံး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူး မောင်မောင်၊ ရပ်ကွက်အရန် မီးသတ်တပ်ဖွဲ့တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များပူးပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော ရဟန်း၊ သံဃာအပါး ၁၃၀ ကျော်အား ဆွမ်း၊ ဝက်သားချက်၊ စားတော်ပဲသုပ်၊ ငါးလေးခြောက်ကြော်၊ ငရုတ်သီးကြော်၊ သရက်ချဉ်သုပ်စသည့် ဆွမ်း၊ ဆွမ်းဟင်းများအား လောင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) (၀၉၃)**



## မိတ္ထီလာတက္ကသိုလ်မိသားစု၏ ဘုရားအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်မိသားစု၏ ဘုရားအနေကဇာတင်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၆နာရီခွဲက အဆိုပါ တက္ကသိုလ်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဦးစွာ နိုင်ငံတော်သံဃာ့နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မိတ္ထီလာမြို့ သာသနာ့ဝေပုလ္လကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒနှင့် ပင့်သံဃာတော် ၂၄ ပါးတို့အား ပါမောက္ခချုပ်ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများက တက္ကသိုလ်ဓမ္မာရုံတွင် အရုဏ်ဆွမ်း ဆက်ကပ်ကြသည်။ ဆက်လက်၍တက္ကသိုလ်အတွင်း တည်ထားကိုးကွယ်သော လေးကျွန်းထိပ်တင် အောင်သစ္စာဆုတောင်းပြည့် စေတီတော်အား ဘုရားအနေကဇာတင်ခြင်းကို ပင့်သံဃာတော်များက ဆောင်ရွက်တော်မူကြပြီးနောက် ဘုရားအမှူးရှိသော ပင့်သံဃာတော်များအား ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသူ၊ကျောင်းသားများက ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။



ထို့နောက် နံနက် ၉ နာရီခွဲတွင် တက္ကသိုလ်ဓမ္မာရုံ၌ ပင့်သံဃာတော်များထံသို့ ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချအနုမောဒနာတရားတော် နာယူခဲ့ကြောင်းသိရသည်။

**(အပေါ်ဝဲပုံ) (၄၅၃)**

## ချို့တဲ့အိမ်ထောင်စုများနှင့် အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွားများအား (၂၄)ကြိမ်မြောက် ထောက်ပံ့လှူဒါန်း

**မန္တလေး ဩဂုတ် ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စုများနှင့် အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွားများအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် ဇနီး ဒေါ်ယုယုဇော် မိသားစုက ဦးဆောင်၍ (၂၄)ကြိမ်မြောက်အဖြစ် ထောက်ပံ့လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ထောက်ပံ့လှူဒါန်းပွဲသို့ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြပြီး ချို့တဲ့အိမ်ထောင်စု (၃၆)စုအား အိမ်ထောင်စုတစ်စုလျှင် ဆန် နှစ်ပြည်၊ ဆီ ၅၀ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ အိုင်အိုဒင်းဆား တစ်ထုပ်၊ ဆပ်ပြာခဲ တစ်ခဲ၊ ကြက်အူချောင်းနှင့် ဝက်အူချောင်းများကို ထောက်ပံ့လှူဒါန်းကြပြီး အသက် ၈၀နှစ်နှင့်အထက် အဘိုး၊ အဘွား ၁၄ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဇနီး၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများက ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၀)**



# ရိုးရာနတ်ပွဲ ဓလေ့ရှင်သန်ဆဲ



ဝါခေါင်လသို့ရောက်ပြီဆိုလျှင် မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးမြို့ဝန်းကျင်၌ ရိုးရာနတ်ပွဲများ၏ ဒိုးသံခြိမ့်ခြိမ့်ညံနေကြသည်။ ခေတ်စနစ်သစ်၏ သိပ္ပံနည်းပညာများ မည်သို့ပင်ထွန်းကားနေစေကာမူ လူမျိုးစုတို့၏ ရိုးရာနတ်ပွဲများသည် စည်ကားစွာ တည်ရှိနေဆဲ ဖြစ်သည်။ နေရာဒေသအလိုက် မိမိတို့၏ အားထားယုံကြည်ရာ မိရိုးဖလာ အစဉ်အဆက် ကိုးကွယ်မှု၊ ပသမှုသည်လည်း ဆက်လက်ကျင့်သုံးနေကြဆဲပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရိုးရာနတ်ပွဲများ မြောက်မြားစွာရှိသော်လည်း ဝါခေါင်လတွင် မြန်မာပြည်အလယ်ပိုင်း၌ အထူးခြားဆုံးနှင့် အစည်ကားဆုံးနတ်ပွဲ သုံးခု ရှိပါသည်။ ထိုနတ်ပွဲတို့မှာ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့အပိုင် မင်းကွန်းကျေးရွာတွင်ကျင်းပသော ရွှေကျွန်းပင်နတ်မောင်နှမနတ်ပွဲ၊ မန္တလေးမြို့၏မြောက်ဘက် မတ္တရာနယ်မြေတွင်ရှိသော တောင်ပြုန်းကျေးရွာအနီးတွင် တည်ထားကိုးကွယ်သော "ဆုတောင်းပြည့်စေတီ" ဘုရားပွဲတော်နှင့်အတူ ကျင်းပသည့် တောင်ပြုန်းမင်းညီနောင်နတ်ပွဲ၊ မန္တလေးမြို့၏တောင်ဘက် အမရပူရနယ်မြေတွင်ရှိသော ရတနာ့ဂူဘုရားပွဲတော်နှင့်အတူ ကျင်းပသော ရတနာ့ဂူနတ်ပွဲတို့ ဖြစ်သည်။

### ၁။ ရွှေကျွန်းပင်နတ်ပွဲ

နှစ်စဉ် ဝါခေါင်လဆန်း ၂ ရက်မှ ဝါခေါင်လဆန်း ၇ ရက်အထိကျင်းပသော စစ်ကိုင်းတိုင်း မင်းကွန်းနယ်တစ်ရိုးရှိ ရွှေကျွန်းပင်နတ်မောင်နှမ နတ်ပွဲသည် ၁၃၀၅ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့သည်ဟု ဆိုကြသည်။ ၁၃၀၅ ခုနှစ် မတိုင်မီက တစ်ပင်တိုင်နန်းဟုခေါ်သော နတ်နန်းသေးသေးလေးသာ ရှိခဲ့သည်။ ရွှေကျွန်းပင်နတ် မောင်နှမသည် ၃၇ မင်းနတ်စာရင်းတွင် မပါဝင်ခဲ့ပေ။ ယခုနောက်ပိုင်းမှ ဆိုင်ရာဆိုင်ရာ နတ်ထိန်းများကြောင့် လူအများသိရှိ စည်ကားလာခဲ့သည်။ ထိုနတ်မောင်နှမ၏ သမိုင်းကြောင်းဖြစ်စဉ်ကို နတ်ထိန်းနတ်အုပ်များ၏ ကနားစဉ်ဆက် နတ်သံပစ်သည့် သီချင်းများအရ သိရသည်မှာ မိုးမိတ်စော်ဘွားကြီး၏ သားတော်၊ သမီးတော်များဖြစ်ကြောင်း၊ သားတော်၊ သမီးတော်တို့သည် မိုးမိတ်မြို့အနီး ကသာမြို့နယ်၊ အင်းရွာတိုက်နယ် ဒိုးပင်ရွာဝန်းကျင် ဝက်ကူးကျေးရွာအနီးရှိ ရွှေလီမြစ်အတွင်း ရေဆင်းချိုးရာမှ မြစ်ဆိပ်ကမ်းနားတွင် ပေါက်နေသော ကျွန်းပင်ကြီးပြိုလဲပြီး ပိမိ၍ သေဆုံးကာ နတ်ဖြစ်သွားသည်ဟု ဆိုပါသည်။ ထိုကျွန်းပင်ကြီးသည် ဧရာဝတီမြစ်တစ်လျှောက် မျောပါလာရာမှ မင်းကွန်းနယ်မြေသို့ ရောက်ရှိပြီး မိုးမိတ်ကုန်းမြေအနီး မိုးမိတ်စော်ဘွားကြီး၏ ကောင်းမှုတော်ဖြစ်သည့် မိုးမိတ်စေတီတော်နှင့် မလှမ်းမကမ်းတွင် မြစ်ကမ်းတင်ခဲ့ရာမှ နတ်ကွန်းနတ်နန်း တည်ဆောက်ကာ ပူဇော်ခဲ့ကြခြင်းဖြစ်သည်။ တောင်ငူခေတ် ရွှေကူစစ်ပွဲအပြီး ညောင်ရမ်းခေတ်နှင့်ကုန်းဘောင်ခေတ်အလယ် သက္ကရာဇ် ၁၁၅၀ ပြည့်နှစ်ကျော်လောက်က ဖြစ်မည်ဟု ယူဆကြသည်။ ထိုမောင်နှမ နှစ်ဦးကို အသက်ကယ်ရန်ကြိုးစားခဲ့သော အထိန်းတော်ဘိုးဘိုးသည်လည်း ရေနစ်သေဆုံးကာ မြစ်အတွင်း မျောပါလာရာမှ ရှမ္ဗကားရွာအနီးရှိ ကျွန်းတစ်ကျွန်းပေါ်တွင် တင်နေသည်ကိုအကြောင်းပြု၍ ထိုကျွန်းကို "ဘိုးဘိုးကြီးကျွန်း" ဟု ခေါ်ဆိုကြသည်။

ထိုရွှေကျွန်းပင်မောင်နှမနတ်နန်းသည် ၁၉၄၄ ခုနှစ်အထိ ရိုးရိုးတစ်ပင်တိုင်နန်းအဖြစ်သာ တည်ရှိသည်။ စစ်အတွင်းကာလ ၁၉၄၄ ခုနှစ်တွင် မင်းကွန်းတိုက်နယ်၌ ဦးစံဖေသည် တိုက်နယ်သူကြီး ဖြစ်လာခဲ့သည်။ ထိုအချိန် ရွှေကျွန်းပင်မောင်နှမကို ပူဇော်ပသသူများ ပေါများလာသဖြင့် ဦးစံဖေသည် နတ်နန်းကို ဝင်ရောက်ထိန်းသိမ်းကာ နတ်ထိန်းအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထိုနတ်ပွဲကိုလည်း ဝါခေါင်လဆန်း ၂ ရက်မှ ဝါခေါင်လဆန်း ၇ ရက်အထိ ကနားပွဲများ ကျင်းပပေးခဲ့သည်ဟု ဆိုပါသည်။ ထိုသည်မှစ၍ နှစ်စဉ်မပျက် ပွဲတော်ရက်အတွင်း ချိုးရေတော်သုံးခြင်း၊ ဒန်းစီးခြင်း၊ ပန်းဥယျာဉ်လှည့်ခြင်း၊ ထိန်ခုတ်ခြင်း စသည့် ဓလေ့ထုံးတမ်းစဉ်လာများအတိုင်း ဆင်နွှဲခဲ့ကြသည်။

ဦးစံဖေသည် ထိုနတ်နန်း၏နတ်ထိန်းအဖြစ် တာဝန်ယူခဲ့ရာမှ နောက်ပိုင်းတွင် သူကြီးဦးစံဖေ၏ ဇနီး ဒေါ်စံရွှေကို နန်းထိန်းအဖြစ် တင်မြှောက်ခဲ့သည်။ ထို့နောက်များမှာတော့ ဦးစံဖေ၊ ဒေါ်စံရွှေတို့၏ သားစဉ်မြေးဆက်တို့က ဆက်လက်၍ နန်းထိန်းအမွေဆက်ခံခဲ့ကြသည်မှာ ယခုတိုင်ဟု ဆိုပါသည်။ ထိုနတ်ပွဲသို့ လာကြသူများသည် မိရိုးဖလာ နတ်အမွေဆက်ခံ၍ ပူဇော်ပသသူများအပြင် နတ်ထံ ကတိကြွေးကျန်သူများ ပေးဆပ်ပူဇော်ပသသောပွဲမျိုးလည်း ဖြစ်သည်။ ထို့ပြင် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများမှ တောင်သူလယ်သမားများအတွက် လယ်ယာသုံး လိုအပ်ချက်ပစ္စည်းများကိုလည်းကောင်း၊ အိမ်သုံးပစ္စည်းမျိုးစုံကိုလည်းကောင်း ကုန်စည်ရောင်းဝယ်ဖလှယ်ကြသည့်ပွဲလည်း ဖြစ်သည်။

### ၂။ တောင်ပြုန်းမင်းညီနောင်နတ်ပွဲ

တောင်ပြုန်းမင်းညီနောင်နတ်ပွဲသည် ဝါခေါင်လဆန်း၁၀ရက်မှ ဝါခေါင်လပြည့်အထိ ကျင်းပသည်။ တောင်ပြုန်းနတ်ပွဲသည် ပုဂံပြည်ရှင် အနော်ရထာမင်း (၁၀၄၄-၁၀၇၇) လက်ထက်ကပင် စတင်ခဲ့သည်ဟု ဆိုပါသည်။ ထိုနတ်ပွဲကို မန္တလေးမြို့၏မြောက်ဘက် ၁၄ မိုင်ခန့်အကွာ မတ္တရာမြို့နယ်အတွင်း တောင်ပြုန်းကျေးရွာတွင် ကျင်းပပြုလုပ်သည်။ မည်သည့်ခုနှစ်၊ မည်သည့်ခေတ်က စတင်ခဲ့သည်ကိုတော့ သေချာစွာ မသိရသော်လည်း အလောင်းမင်းတရား ဦးအောင်ဇေယျ ထီးနန်းမစိုက်မီ မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ်ခန့်က ထွက်ပေါ်လာခဲ့သော "အင်းရုံတော်စာတမ်း" တွင် တောင်ပြုန်းနတ်ပွဲ ပူဇော်ပသခြင်းစာတမ်းကို တွေ့ရသည်။ ညောင်ရမ်းခေတ်တွင်လည်း တောင်ပြုန်းပွဲတော် ကျင်းပခဲ့ကြသည်။ ကုန်းဘောင်ခေတ်ဆိုလျှင် ထိုတောင်ပြုန်းနတ်ပွဲကို မြို့တော်ဝန်များမှ ကြီးကြပ်အုပ်ချုပ်ဆောင်ရွက်ရသည်။ ထို့ကြောင့် ရှေးယခင်ဘုရင်မင်းများလက်ထက်မှ စတင်ခဲ့သည်ဟု ပြောကြသည်။ ရှေးခေတ်ဘုရင်များနှင့် နန်းတွင်းသူ၊ နန်းတွင်းသားများပါမကျန် အလေးထားပူဇော်ခဲ့ကြသည်ကို တွေ့ရှိရသည်။ ယခုအခါ တောင်ပြုန်းမင်းညီနောင်နတ်ပွဲသည် ရိုးရာနတ်ပွဲတော်အဖြစ် ယုံကြည်မှုများနှင့် ပို၍ပင် စည်ကားနေပေသည်။

ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းသည် ပုဂံပြည် အနော်ရထာမင်းလက်ထက် ဘုရင်အနော်ရထာသည် တရုတ်ပြည်၌ရှိသော မြတ်ဗုဒ္ဓ၏ စွယ်တော်ကို ပင့်ဆောင်ရာမှအပြန် တောင်ပြုန်းအရပ်ဒေသသို့ ရောက်လာသောအခါ စေတီတစ်ဆူ တည်လိုတော်မူ၍ စေတီတည်ရာ၌လည်း ရဲမက်ဗိုလ်ပါအားလုံး တစ်ဦးလျှင် အုတ်တစ်ချပ်စီ သယ်ယူစေရမည်ဟု မိန့်တော်မူသည်မှစ၍ တာဝန်မကျေသူ မြေးတော်နှစ်ပါး ပျော်ပါးနေသည်ကို ဆုံးမရန် အပ်နှင်းရာမှ လက်လွန်သွားကာ နတ်ဖြစ်ရသည်ဟု ဆိုပါသည်။ ထိုတောင်ပြုန်း ရွှေဖျဉ်းနတ်ညီနောင်တို့သည် ၃၇ မင်းနတ်စာရင်းဝင်များ ဖြစ်ကြသည်။

ထို့ကြောင့် တောင်ပြုန်းကျေးရွာတွင် တည်ထားကိုးကွယ်သည့် ဆုတောင်းပြည့်စေတီတော်ဘုရားပွဲနှင့်အတူ ကျင်းပသော တောင်ပြုန်းနတ်ပွဲ၏ အစဉ်အလာတစ်ရပ်မှာ "နတ်တော်စစ်ထွက်၊ တပေါင်းစစ်ပြန်၊ ဝါခေါင်မှာကန်တော့ခံ" ဆိုသည့် စကားအတိုင်း ရှေးယခင်ကပင် ပူဇော်ပွဲများ ကျင်းပလာခဲ့ကြသည်။

တောင်ပြုန်းနတ်ပွဲကျင်းပရာ ဝါခေါင်လဆန်း ၁၀ရက်နေ့တွင် "အင်းရုံတော်စာတမ်း"အရ ပုဆိုးဝတ်(၂)၊ ခါသာအုပ်(၂)ကို "ဥကင်တော်ဖွင့်" ဆက်သကြပြီး နန်းကြီးပေါ်၌ နတ်အုပ်မင်း၊ အမတ်ချုပ်၊ သိုးဆောင်းမိဖုရား၊ ဗောင်းဆောင်းအမတ်များ စုံညီစွာဖြင့် "ညီလာခံပွဲသဘင်" ကို နန်းရင်းနန်းစစ်က ဦးဆောင်၍ ကန်တော့ခြင်းဖြင့် ပွဲတော်စတင်ကြသည်။ ထို့ကြောင့် ထိုနေ့ကို "ညီလာခံနေ့"ဟုသတ်မှတ်သည်။ ထိုနေ့မှစ၍ ဆက်ပွဲ၊ ထပ်ပွဲ၊ ပြပွဲ၊ ဝက်ပွဲများနှင့် ရိုးရာပန်းတော်ဆက်ပွဲများဖြင့် အပူဇော်ခံသည်။ ပွဲတော်ရက်များတွင် ချိုးရေတော်သုံးပွဲ၊ ထိန်ခုတ်ပွဲ၊ ယုန်ထိုးပွဲများကိုလည်း ရှေးမူမပျက် ကျင်းပကြပါသေးသည်။ တောင်ပြုန်းနတ်နန်းများသည် နတ်နန်းကြီး အပါအဝင် "အိမ်တွင်း၊ ဦးဖိုးတူ၊ ဆည်ကတော်၊ ပခန်း၊ ပုပ္ပားမယ်တော် စသည့် နတ်နန်းများနှင့် မမဥနတ်နန်းတို့အပြင် အခြားအိမ်ခြံဝင်းများအတွင်းရှိ ယာယီနတ်နန်းများတွင်လည်း ကနားတီးကာ ပူဇော်ကြသည်ကိုလည်း တွေ့ရှိရပါသေးသည်။

### ၃။ ရတနာ့ဂူနတ်ပွဲ

ရတနာ့ဂူနတ်ပွဲကို ဝါခေါင်လပြည့်ကျော် ၈ ရက်မှ ဝါခေါင်လကွယ်အထိ ကျင်းပသည်။ ထိုနတ်ပွဲသည် မန္တလေးမြို့၏တောင်ဘက် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် ကျင်းပခြင်းဖြစ်သည်။ ရတနာ့ဂူနတ်ပွဲနှင့်ပတ်သက်၍ ဆိုရပါမူ အင်းဝခေတ် မင်းကြီးစွာစော်ကဲမှ အဓိဋ္ဌာန်ပြုစေလွှတ်သော ရတနာဆင်ဖြူတော်ရပ်ဝပ်သော နေရာဖြစ်သည့် အမရပူရမြို့ ငယ်တိုးရွာက ရွှေလွန်းရပ်ကွက် ပုဂံမှပင့်ဆောင်လာခဲ့သော ဓာတ်တော် ၁၅ ဆူကို ဌာပနာ၍ "ရတနာ့ဂူဘုရား"ကို တည်ထားကိုးကွယ်ခဲ့သည်။ ထိုဘုရားတည်ထား၍ ပြီးစီးသည့်နေ့မှာ ဝါခေါင်လပြည့်နေ့ ဖြစ်ပြီး ထီးတော်တင်ပွဲကို ဝါခေါင်လပြည့်ကျော် ၈ ရက်မှစ၍ လကွယ်နေ့အထိ ကုန်းပွဲ၊ ရေပွဲတို့ဖြင့် ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့သည်။ ထိုသည်ကို အကြောင်းပြု၍ ရတနာ့ဂူဘုရားပွဲတော်ကို ဝါခေါင်လပြည့်ကျော် ၈ ရက်မှ ဝါခေါင်လကွယ်ထိ ကျင်းပခဲ့သည်။ ထိုရတနာ့ဂူဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့ရာမှ ကုန်းဘောင်ခေတ်ဘကြီးတော်မင်းလက်ထက်ရောက်သောအခါ ၁၁၈၃ ခုနှစ် ကဆုန်လဆုတ် ၁၀ ရက်နေ့တွင် အမရပူရ နန်းတော်၏တောင်ဘက် ကုန်းသာယာရပ်မှစ၍ မီးလောင်ကျွမ်းခဲ့ရာ နန်းတော်ရာအချို့လည်း မီးတွင်ပါဝင်ခဲ့သည်ဟု ဆို၏။ ထိုအခါ စိတ်လက်မကြည်မသာဖြစ်နေကြရှာသော မင်းနှင့်ပြည်သူများအတွက် စိတ်လက်ပေါ့ပါးကြည်လင်ကြစေရန် မိဖုရားခေါင်ကြီး နန်းမတော်မယ်နုနှင့် စလင်းမြို့စား ဦးအိုတို့တိုင်ပင်ကာ စိတ်ပြောင်းစိတ်လွှဲ ပျော်ပွဲရွှင်ပွဲအဖြစ် ရတနာ့ဂူနတ်ပွဲကို စီစဉ်ခဲ့သည်။

မူလရတနာ့ဂူဘုရားရှိရာ ရွှေလွန်းရပ်နေရာသည် နတ်နန်းနှင့် နတ်ကနားများထား၍ ပွဲတော်ကျင်းပရန် နေရာမကျယ်ပြန့်သဖြင့် မြင်းတိုင်အရပ်မှာရှိသော ရှေးဟောင်းဘုရားတစ်ဆူကို "ရတနာ့ဂူဘုရား"ဟု ဘွဲ့မည်ပေးကာ ထိုဘုရားအနီးတွင် နတ်ပွဲများဆောင်ရွက်ကြသည်။ ထို့ကြောင့် မူလ "ရတနာ့ဂူ"နှင့် နောက်တိုး"ရတနာ့ဂူ"ဆို၍ ဘုရားနှစ်ဆူ ဖြစ်ပေါ်လာခဲ့ရသည်။ ထို့နောက် ၁၂၇၁ ခုနှစ်၏ ဝါခေါင်လတွင် ဧရာဝတီမြစ်ရေသည် ထူးကဲစွာတိုးလာသဖြင့် နတ်ပွဲကျင်းပရာ မြင်းတိုင်အရပ်ထိ မြေနိမ့်သော အပိုင်းများတွင် ရေများလွှမ်းမိုးသွားသည်။ ထိုအခါ နတ်ပွဲကျင်းပရန် ခက်ခဲမှုဖြစ်ရသဖြင့် ရေလွတ်ရာ အမရပူရမြို့၏ ဆင်တိုင်းအရပ်တွင်ရှိသော "အောင်ချမ်းသာစေတီ" အနီး နတ်ပွဲများကို ပြောင်းရွှေ့ကျင်းပကြသည်။ နောက်နှစ်ရောက်တော့ ဧရာဝတီမြစ်ရေသည် ပုံမှန်ဖြစ်သွားသဖြင့် မူလနေရာမြင်းတိုင်အရပ်၌သာ နတ်ပွဲများကျင်းပကြရာ ဒုတိယယာယီနတ်နန်းကျင်းပသည့်နေရာနှင့် တရားတဘောင် ဖြစ်ကြရသည်။ တရားရုံးတော်၏ ဆုံးဖြတ်ချက်အတိုင်း နေရာနှစ်ခုစလုံး နတ်ပွဲကျင်းပကြရသည်။ ထိုသည်မှစ၍ မူလနေရာ နတ်နန်းကို "အောက်နန်း"၊ ဒုတိယနေရာကို "အထက်နန်း"ဟု ခေါ်ဆိုလာကြသည်။ ထိုသို့အားဖြင့် မူလ"ရတနာ့ဂူ"ဘုရားပွဲမှ "ရတနာ့ဂူနတ်ပွဲ"အဖြစ်လည်းကောင်း၊ အထက်နန်း၊ အောက်နန်းဟုလည်းကောင်း၊ အရှေ့နန်း၊ အနောက်နန်းဟုလည်းကောင်း နတ်ပွဲများကျင်းပလာခဲ့ကြသည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၂၀၀ ကျော်လာခဲ့ပြီ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ခေတ်စနစ်တွေ မည်သို့ပင်ပြောင်းလဲစေကာမူ မြန်မာနိုင်ငံတွင် ရိုးရာအစဉ်အလာအဖြစ် ယုံကြည်ကိုးကွယ်လာခဲ့ကြသည့် နတ်ပူဇော်ပွဲများသည် နှစ်ပေါင်းများစွာ နှောင်သောအခါထိ ဆက်လက်တည်ရှိနေဦးမည်ဟု ထင်မြင်ယူဆမိပါတော့သည်။

မန်းမြေမှ ပန်းသပြေ

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အသက် ၂၀နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲ၌ပြိုင် မန္တလေးလူငယ် အမျိုးသားအသင်းနှင့် Youth Camp အမျိုးသမီးအသင်းတို့အနိုင်ရဗိုလ်စွဲ



**ရန်ကုန် ဩဂုတ် ၂၁**

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် မြန်မာဘော်လီဘော လူမှုရေးအသင်းအမှုဆောင်ဖလား အသက်၂၀နှစ်အောက်အမျိုးသား အမျိုးသမီးတံခွန်စိုက် ဗိုလ်လုပွဲပြိုင်ပွဲများကို ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံတွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ ဗိုလ်လုပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊မြန်မာဘော်လီဘောလူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်နှင့်အမှုဆောင်များ၊ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြများ၊ အားကစားဝါသနာရှင်များ ပြည်သူများ ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲတွင် မန္တလေး လူငယ်လက်ရွေးစင်အသင်းက ရှမ်းလူငယ်အသင်းကို ၃ပွဲ ၁ပွဲဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး အကောင်းဆုံး အားကစားဆုကိုလည်း မန္တလေးလူငယ်အသင်းမှ တင်ထူးပိုင်က ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိသွားကာ အမျိုးသမီးဗိုလ်လုပွဲတွင် Youth Camp အသင်းက ရန်ကုန်လူငယ်အသင်းကို ၃ပွဲပြတ်ဖြင့်နိုင်ပြီး အကောင်းဆုံးဆုကိုလည်း Youth Camp အသင်းမှ ယုနန္ဒာက ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် စတုတ္ထဆုရဧရာဝတီအသင်း၊ တတိယဆုရ အား/ကာသိပ္ပံ မန္တလေးအသင်း၊ ဒုတိယဆုရ ရန်ကုန်လူငယ်အသင်းနှင့်ပထမဆုရ YouthCamp အသင်း၊ အမျိုးသားပြိုင်ပွဲတွင် စတုတ္ထဆုရ အား/ကာသိပ္ပံရန်ကုန်အသင်း၊ တတိယဆုရ Youth Camp နေပြည်တော်အသင်း၊ ဒုတိယဆုရ ရှမ်းလူငယ်အသင်းနှင့်ပထမဆုရ မန္တလေးလူငယ်အသင်းတို့မှ အားကစားသမားများနှင့် အကောင်းဆုံး ဆုရသူများကို အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် လူမှုရေးအသင်းအမှုဆောင်မှ တာဝန်ရှိသူများက ဆုတံဆိပ်များ၊ဆုငွေများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြန်မာဘော်လီဘော လူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်မှ ပထမဗိုလ်စွဲသည့် Youth Camp အမျိုးသမီးအသင်းအား ပထမတံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက ပထမဗိုလ်စွဲသည့် မန္တလေးလူငယ်လက်ရွေးစင် အမျိုးသားအသင်းအား ဆုငွေကျပ် သိန်း၁၀၀နှင့် ပထမတံခွန် စိုက်ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၄၀)



# မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူးများအား ကြိုဆို

**မန္တလေး ဩဂုတ် ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ကျသည့် ဗဟိုမီးသတ် သင်တန်းကျောင်းမှ လက်ထောက်မီးသတ်ဦးစီးမှူးလောင်း သင်တန်း အမှတ်စဉ်သင်တန်းအမှတ်စဉ် (၂၂/၂၀၂၃)သင်တန်းဆင်း လက်ထောက်မီးသတ်ဦးစီးမှူးများအား ကြိုဆိုပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက် မွန်းလွဲ၂နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် ၂၉လမ်းနှင့် ၈၁လမ်းထောင့်ရှိ ဗဟိုမီးသတ် စခန်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ ခရိုင်မီးသတ် ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ် ဦးစီးမှူးများ၊ သင်တန်းဆင်း လက်ထောက် မီးသတ်ဦးစီးမှူးများ တက်ရောက်ခဲ့ ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးက မီးဘေးနှင့် သဘာဝဘေးများ ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ကျရာနေရာမှ ဆောင်ရွက်ရေးနှင့်ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးက ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ များကို ပြောကြားခဲ့ကြောင်း သိရသည်။ (၀၄၅)

# အမျိုးသမီး ကိုယ်လုံ့ပညာသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ အခြေခံပညာဦးစီးဌာနနှင့် ကရာတေးကလပ်အသင်းတို့ပူးပေါင်း၍ အမျိုးသမီးကိုယ်လုံ့ပညာသင်တန်းကို ဩဂုတ် ၇ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့ နံနက် ၉နာရီက သင်တန်းဆင်းပွဲအခမ်းအနားကို အထက(စဉ့်ကိုင်)ရှိ သဇင်ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား)အဖွဲ့ဝင် ဒေါ်မျိုးမျိုးအေးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ယခုသင်တန်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် ခန္ဓာကိုယ်ကျန်းမာသန်စွမ်းခြင်း၊ စိတ်ကြည်လင်ပေါ့ပါးခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်း၊ မိမိကိုယ်ကိုယ် ခုခံကာကွယ်နိုင်ခြင်း၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ခြင်းစသည့် အကျိုးကျေးဇူးများစွာရရှိသည့်အတွက် လက်တွေ့ဘဝတွင်လည်း ကောင်းစွာ အသုံးချကြစေလိုကြောင်း ပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသူများက သင်တန်းတွင် သင်ယူခဲ့သည့် သင်ခန်းစာများအား လက်တွေ့အသုံးချသည့် အနေဖြင့် လက်တွေ့သရုပ်ပြသခဲ့ကြပြီး သင်တန်းနည်းပြဆရာ ဆာကူရာကလပ်အသင်း နည်းပြချုပ် ဆရာဦးဝင်းမြင့်က ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မျိုးမျိုးအေးနှင့်တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ရာ သင်တန်းနည်းပြဆရာနှင့် သင်တန်းသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ (၃၉၉)





# လူထုအခြေပြုဗဟိုဌာန ( Community Centre) ခန်းမ၌ ကဗျာရွတ်ဆို ပြိုင်ပွဲကျင်းပ

**နတ်မောက် ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယနေ့ နံနက် ၉နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင် က စာပေလေ့လာ ဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ကလေးငယ်များဘဝ စွမ်းဆောင်ရည်မြင့်မားစေရန်၊ စိတ်လက်ပျော်ရွှင်စေရန်၊ ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်စေရန်ရည်ရွယ်၍ပြိုင်ပွဲများ ကျင်းပရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မူလတန်းအဆင့် ကျောင်းသားများဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပရာ ကျောင်းသားကျောင်းသူလေးများမှ မိမိတို့နှစ်သက်သည့် ကဗျာခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများမှ ဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်ပေးခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ ကဗျာရွတ်ဆိုပြိုင်ပွဲသို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ မူလတန်းအဆင့် ကျောင်းသား၊ကျောင်းသူများ၊ ကျောင်းသားမိဘများ စုစုပေါင်း ၅၆ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

လှဝင်း



# ကျောင်းကျန်းမာရေးသီတင်းပတ် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေး ကျန်းမာရေး ဟောပြောပွဲကျင်းပ

**သရက် ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကျောင်းကျန်းမာရေး ဌာနမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် ကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက် ၁၀ နာရီက အခြေခံပညာမူလတန်း တောင်မင်းတည်းကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

ကျောင်းကျန်းမာရေး သီတင်းပတ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သားဖွားဆရာမ ဒေါ်ဌေးဌေးဝင်းက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး လက်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး၊ နည်းစနစ်မှန်သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲရန်နှင့် မိုးတွင်းကာလကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နည်းလမ်းများအကြောင်းကို ပြောကြားပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး တစ်ဦးချင်း ကျောင်းကျန်းမာရေး မှတ်တမ်းကတ်များ ရေးသွင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)ဇော်ထက်(သရက်)

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄) ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။




ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပစဉ်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၅)ရပ်မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးငါးဦး၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်ကိုးဦး၊ အထူးဖိတ်ကြားထားသူ နှစ်ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြသည်။

### အတည်ပြုသွားမည်

အစည်းအဝေးတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၉-၂၀၂၃)သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင်မဟာဗျူဟာအကောင်အထည်ဖော်မှုကာလ ပြီးမြောက်ခဲ့ပြီးဖြစ်၍ ဒုတိယဝန်ကြီး ဦးဆောင်သည့် အမျိုးသားအဆင့် မဟာဗျူဟာ ပြန်လည်သုံးသပ်ရေးကော်မတီအား ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး မဟာဗျူဟာအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈) မူကြမ်းရေးဆွဲခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါမူကြမ်းအား ယခုအစည်းအဝေးတွင် အတည်ပြုသွားမည် ဖြစ်ပါကြောင်း၊ မူကြမ်းအတည်ပြုပြီးပါက မဟာဗျူဟာပါရှိသည့်မှန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု အားကောင်းကောင်းဖြင့် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် FATF က မြန်မာနိုင်ငံကို ဆုံးရှုံးနိုင်ခြေမြင့်မားပြီး အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်းသို့ ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း၊ FATF ၏ မြန်မာနိုင်ငံအပေါ် လိုက်နာမှုအားနည်းချက်ရှစ်ချက်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ လုပ်ငန်းအဖွဲ့အနေဖြင့်လည်း တစိုက်မတ်မတ် အားစိုက်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန် ၂၈ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် FATF မျက်နှာစုံညီအစည်းအဝေး၏ ထုတ်ပြန်ချက်အရ အလေးထားစိစစ်မှုများ ပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်းမှ ပြောင်းလဲပေးခြင်း မရှိကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း တိုးတက်ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ခြင်းမရှိပါက FATF မှ တိုးမြှင့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် စဉ်းစားသွားမည်ဟု ဖော်ပြခဲ့ကြောင်း။

ထို့ကြောင့် တိုးတက်ဆောင်ရွက်မှုများ ပြသနိုင်ရန် FATF ၏ Action Plan တွင် ပါရှိသည့် အချက်များဖြစ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်ရန်နှင့် သက်သေခံပစ္စည်း စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေအား အသစ်ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလမတိုင်ခင် တိုးတက်မှုပြသနိုင်ရန် Action Plan တွင် ပါရှိသည့် အချက်များအား သက်ဆိုင်ရာဌာနများအလိုက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### တင်ပြဆွေးနွေး

ဆက်လက်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အဖွဲ့ဝင်များ၊ အမျိုးသားအဆင့် မဟာဗျူဟာ နယ်ပယ်(၅)ရပ်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့တို့မှ တက်ရောက်လာသူများက မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) (မူကြမ်း)အား အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

---

# ဟံသာဝတီယူနိုက်တက်(ယူ-၂၀)အသင်းကို အနိုင်ယူပြီး နိုင်ပွဲဆက်ခဲ့သည့် ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်း

ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းနှင့် ဟံသာဝတီ(ယူ-၂၀)အသင်းတို့သည် ဩဂုတ် ၂၁ ရက်ညနေက M3 ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းက (၁-၀) ဂိုးရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် (၂၈)မိနစ်တွင် ခွန်းချိုထူး၏ ထောင့်ကန်ဘောမှတစ်ဆင့် နောက်ခံကစားသမား ဇွဲထက်အောင်မှ ခေါင်းတိုက်သွင်းယူပေးခဲ့ပြီး ပထမပိုင်းကို ၁-၀ ဂိုးနှင့်ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် တစ်ဖက်အသင်းမှ ချေပဂိုးရရှိရေးကြိုးစားခဲ့မှုများကို ရန်ကုန်နောက်တန်းဟန့်တားနိုင်ခဲ့ပြီး ရန်ကုန်အသင်းဘက်မှ ထပ်မံသွင်းယူနိုင်ခဲ့ခြင်း မရှိတော့သဖြင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းက ၁-၀ ဂိုးနှင့် ဟံသာဝတီယူနိုက်တက်(ယူ-၂၀)ကို အနိုင်ရရှိခဲ့သည်။




ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းသည် MNL youth league ပထမအကျော့ နောက်ဆုံးပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၉ ရက်တွင် ဒဂုံပေါ့(ယူ-၂၀)အသင်းနှင့် M3 ကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

---

# ဂယ်လာဂါအား အက်သလက်တီကို မက်ဒရစ်အသင်း ခေါ်ယူ

**မက်ဒရစ် ဩဂုတ် ၂၁**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ဂယ်လာဂါအား ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃၃ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၅ နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဂယ်လာဂါသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၅ ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။




အက်သလက်တီကိုမက်ဒရစ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ဂျူလီယန်အယ်လ်ဗာရက်၊ ဆိုလော့စ်၊ နော်မန့်စ်၊ ဂယ်လာဂါ စသည့် ထိပ်သီးကစားသမားများကို ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(NGB)**

၀-၀-၀-၀-၀